တောင်လာကျေးရွာ
မတူပီမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောင်လာကျေးရွာ၊မတူပီမြို့နယ်
(သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

(၂၀၂၂ခုနှစ်၊ဒီဇင်ဘာလ)

မာတိကာ

မာတိကာ

စကားချီး

တောင်လာကျေးရွာ အရင်းအမြစ်မြေပုံ၊ မတူပီမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေး နှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမတုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်များ ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှု ကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီပံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက်ဇယားများ

(၁) ကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရေးအတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့်ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသောရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း ၊ တံတား တည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၇ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကိုတွင်ကျယ်စွာ သုံးစွဲလုပ်ဆောင်ခြင်း နည်းပါးနေပါသေးသည်။ အားလုံးပူးပေါင်းပါဝင်ပြီး ကျေးရွာစီမံကိန်းများ ရေးဆွဲခြင်းနည်းလမ်းကို အသုံးပြု၍ အချင်းချင်း တိုင်ပင်ဆွေးနွေး အဖြေရှာတက်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မတူပီမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနက စီမံကိန်းရေးဆွဲ ရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို စီစဉ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွဲဖက်လုပ်ဆောင် စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက် အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များ ဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက် အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ တဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့် အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူ အစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်သည်။ အကောင်အထည် ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိမည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်သည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်လာကျေးရွာ

မတူပီမြို့နယ်၊ ချင်းပြည်နယ်


တောင်လာကျေးရွာ အညွှန်းပြမြေပုံ
N
S
အညွှန်း
အိမ်
ခက္ကာင်း
ကားလမ်း
ရေကန်
အာလုံးကွင်း
ဘုရားခက္ကာင်း
မိုင်တယ်/လူသွားလမ်း

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည့်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားခက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောက် ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာ ခြင်းကြောင့် ကျွန်တော် တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ် သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစည်း ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချုန်ကာတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ပထဝီဝင်အနေအထားအရ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ တောင်လာကျေးရွာသည် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နမိတ်ချင်းထိစပ်နေသော ဒေသတစ်ခု ဖြစ်ပါသည်။ မတူပီမြို့နယ်သည် ချင်းပြည်နယ်တောင်ပိုင်းဒေသတွင် တည်ရှိပြီး၊ ရေဒွာမြို့၊ လိုင်လင်းပီမြို့များနှင့် ထိစပ်လျက်ရှိပါသည်။ တောင်လာကျေးရွာသည် မတူပီမြို့နယ်၊ ချင်းပြည်နယ် တောင်ပိုင်းတွင် တည်ရှိသော ချင်းရွာ တစ်ရွာဖြစ်ပါသည်။ တောင်တန်းထူထပ် တောဒေသဖြစ်ပြီး၊ သဘာဝသယံဇာတ အနည်းငယ် ထွက်ရှိသော ဒေသတစ်ခုဖြစ်သည်။

တောင်လာကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ တောင်ကုန်းထူထပ်သော ဒေသဖြစ်သည်။ မတူပီမြို့တွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ တိုင်းတာချက်အရ မိုးရေချိန် စုစုပေါင်း (၁၁၁.၃၃) လက်မရရှိပြီး၊ တောတောင်ထူထပ်သော ဒေသဖြစ်ပါသည်။ တောင်လာကျေးရွာသည် ရေ၊ မြေနှင့် တောင်ယာသစ်တောပေါများသော ဒေသဖြစ်သည်။ တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲကြောင်း တွေ့ရှိရပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

သရူချောင်းမှ ငါးများ ဥတု (၃) ပါးလုံး ရရှိနိုင်သော ရွာဖြစ်ပါသည်။ သမင်၊ ဂျီ၊ တောဝက်၊ တောင်ဆိတ်နှင့် မျောက် စသည့်တောကောင်များ ရှိနေသေးသည်။ ဝဥနှင့် သစ်ခွပန်းစသည့် တန်ဖိုးရှိ တောထွက်ပစ္စည်းများ ရှိသေးသည်။ ရွှေပြောင်းတောင်ယာစနစ် အသုံးပြုသော်လည်း ရှစ်နှစ်မှာ တစ်ခါ အလှည့်ကျသည့်အတွက် ထိခိုက်လွယ်မှုနိမ့်သည်။ လယ်မြေများအတွက် သရူချောင်းမှ ရေသွယ်ယူလျက်ရှိကြပါသည်။ တောတောင်များကျန်ရှိနေသေးသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် မိသားစု (၄၈) ရှိပြီး လူဦးရေစုစုပေါင်း (၃၂၃) ဦးရှိပါသည်။ ပျမ်းမျှမိသားစု တစ်စုလျှင် (၆) ဦးနှုန်း နေထိုင်ကြပါသည်။ အသက် (၁၅ နှစ်မှ ၆၀နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၅.၄၂ % ရှိပြီး လူဦးရေစုစုပေါင်း၏ ၄၄.၅၈% သည် မှီခိုသူများ ဖြစ်ကြသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ရွှေပြောင်းတောင်ယာလုပ်ငန်း၊ လယ်လုပ်ငန်းနှင့် ဥယျာဉ်ခြံ (၀၃) ခြံလုပ်ငန်းများမှ အဓိကဝင်ငွေ ရရှိကြသည်။ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အဆင်ပြေသော အိမ်ထောင်စုများသည် ဧက(၅-၁၀) ထိ ပိုင်ဆိုင်ကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးသောသီးနှံနှင့် စိုက်ပျိုးနိုင်မှုအပေါ်တွင် အနည်းငယ်မူတည်ပါသည်။ အခြားအိမ်ထောင်စုများမှာ မြေရှိသော်လည်း စိုက်ပျိုးခြင်းမရှိကြပေ။ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး၊ သံဖိနပ်အိမ်မျိုးတွင် အဆင်ပြေသော အိမ်ထောင်စုများ နေထိုင်ကြပြီး၊ ဝါးကာ၊ ဝါးခင်း၊ သက်ကယ်မိုးများတွင် အလွန်ဆင်းရဲသော အိမ်ထောင်စုများ နေထိုင်ကြကြောင်း တွေ့ရှိရပါသည်။ အခြားပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ဆိုင်ကယ်၊ ဖုန်း၊ တီဗွီ၊ ဆိုလာ၊ ဘက္ထရီ၊ စလောင်း၊ ရေဒီယို၊ နွားနောက်နှင့် ကျွဲ စသည့်ပိုင်ဆိုင်မှုများအား ချမ်းသာသော အိမ်ထောင်စုများမှ ပိုင်ဆိုင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာအိမ်ထောင်စု၏ (၄၈) ရာခိုင်နှုန်းမှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြပြီး၊ (၁၇) ရာခိုင်နှုန်းခန့်မှာ အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။ မိသားစုစောင့်ရှောက်မှု မရှိသော အသက် (၆၀) နှင့်အထက် ကျား(၇) ဦးနှင့် မ (၈) ဦး၊ စုစုပေါင်း (၁၅) ဦးရှိပါသည်။ မသန်စွမ်းသော လူပုဂ္ဂိုလ်များမှာလည်း ကျား (၁) ၊ မ (၂) ၊ စုစုပေါင်း (၃) ရှိကြောင်း သိရှိရပါသည်။ ၎င်းတို့အား အသင်းတော်မှ ထောက်ပံ့မှုများ ပြုလုပ်ပေးပါသည်။ ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှု များ၍ စပါးအထွက်နှုန်းလျော့နည်းပြီး၊ ဝမ်းစာဖူလုံမှုရှိကြောင်း သိရှိရပါသည်။ ကားလမ်းအသစ် ဖောက်လုပ်ခြင်းကြောင့် မြေပြိုမှုများဖြစ်ပြီး လမ်းမကောင်းခြင်း မိုးရာသီ၌ ဖြစ်ပေါ်ခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ယာမြေပြိုမှုများ၊ မြေဆီလွှာတိုက်စားမှုများ ရှိတက်သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျန်းမာရေးနှင့်ပတ်သက်၍ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျောနှင့် ငှက်ဖျားရောဂါ တို့ဖြစ်ကြသည်။ ငှက်ဖျားရောဂါသည်လည်း ကလေးသူငယ်များတွင် အဖြစ်များလေ့ရှိသည်။ တစ်ကိုယ်သန့်ရှင်းမှု အားနည်းခြင်းနှင့် ခြင်ထောင်ထောင်အိပ်လေ့မရှိ ခြင်းကြောင့် ဖြစ်သည်။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ (၁၀) မိုင်အကွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် လက်လှမ်းမှီမှုရှိပြီး၊ ဆေးရုံနှင့် ဆေးဆိုင်များ ကျေးလက်တွင်မရှိပါ။ ကျန်းမာရေးဆိုင်ရာ ဗဟုတုတ အနည်းငယ်သာရှိပြီး၊ ငှက်ဖျားလွန်စွာ ပေါ့များခဲ့သော ဒေသဖြစ်သည်။ အာဟာရအပိုင်းနှင့် ပတ်သက်၍ ဟင်းသီးဟင်းရွက်၊ ပြောင်းဖူးနှင့် အသားများ အဓိကစားသုံးကြကြောင်း သိရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

တောင်လာကျေးရွာတွင် မူလတန်းကျောင်းနှင့် မူလွန်ကျောင်းတည်ရှိပြီး၊ အခြားကျေးရွာမှ ကျောင်းသားများ လာရောက်ပညာသင်ကြားလျက်ရှိပါသည်။ လုံးဝကျောင်းမနေသူ ၃၈.၈၃% ၊ မူလတန်းပညာရေးပြီးဆုံးသူ ၁၅% ၊ အလယ်တန်းပညာရေးပြီးဆုံးသူများ ၄၈% ၊ အထက်တန်း ပညာရေးပြီးဆုံးသူ ၃၂% ၊ နှင့် တက္ကသိုလ်ပညာပြီးဆုံးသူ ၈% အသီးသီး ရှိကြပါသည်။ ၎င်းရာခိုင်နှုန်းများသည် ၉ နှစ်အထက် လူဦးရေပေါင်း (၃၀၁) ယောက်ပေါ်တွင် အခြေခံတွက်ချက် ထားခြင်း ဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်သွယ်မှု

ဘာသာရေးအသင်းများအရ အနည်းငယ်ခွဲခြားမှုရှိသော်လည်း၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်း ပါဝင်လုပ်ကိုင်ကြသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်မှုတွင်လည်း အမျိုးသမီး၊ အမျိုးသားခွဲခြားမှုမရှိလဲ၊ အတူတကွ စုပေါင်းလုပ်ကိုင်ကြကြောင်း သိရှိရသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကောင်းမွန်သောဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ ကျေးရွာအတွင်းရှိ ဘာသာရေးအသင်းခေါင်းဆောင်များ၊ အခြားလူမှုရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း သိရှိရသည်။ ရပ်ရေးရွာရေးနှင့် ပတ်သက်၍ ခေါင်းဆောင်အချို့မှာ အချိန်မပေးနိုင်ခြင်းကြောင့် ပူးပေါင်းညှိနှိုင်းမှု အနည်းငယ်အားနည်းကြောင်း တွေ့ရှိရသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

တောင်လာကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုများသည် လယ်လုပ်ငန်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများ အဓိကလုပ်ကိုင်ပြီး၊ အသက်မွေးဝမ်းကြောင်းပြုကြသည်။ အိမ်ထောင်စုပေါင်း (၄၈) ရှိပြီး၊ လယ်လုပ်ငန်းလုပ်ကိုင်သူ (၂၀) ဦး၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူ (၁၈) ဦးနှင့် ကျပန်းလုပ်ကိုင်သူ (၁၀) ဦးရှိကြောင်း သိရှိရပါသည်။

မိုးရာသီတွင် ချောင်းရေများကို သွယ်ယူပြီး လယ်စပါးကိုစိုက်ပျိုးကြသည်။ စိုက်ပျိုးမြေကို ရွှေ့ပြောင်းတောင်ယာနှင့် လယ်ယာမြေဟူ၍ အဓိကနှစ်မျိုးခွဲရမည်ဖြစ်သည်။ တောင်ယာစပါးကို ပိုမိုလုပ်ကိုင်ကြသည်။ လယ်ယာမြေတောင်ယာများရှိ မြေဆီဩဇာမှာ အသင့်အတင့်ကောင်းမွန်မှုရှိသည်။ ဥယျာဉ်ခြံမြေများတွင် ငှက်ပျော၊ နာနတ်၊ သရက်၊ နာနတ်နှင့် လိမ္မော်ပင်များကို စိုက်ပျိုးကြသည်။ စီးပွားဖြစ်ရောင်းချခြင်းမျိုးမရှိဘဲ၊ စားဖို့သက်သက်သာ စိုက်ပျိုးကြကြောင်း သိရှိရသည်။ အနည်းငယ်သာရောင်းချရပြီး၊ သီးနှံများ ပိုလျှံမှုရှိကြောင်း သိရှိရသည်။

ဥယျာဉ်ခြံစိုက်ပျိုးဧက (၁၂၄) ကျော်နှင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးဧက (၂၀၀)ဧကရှိကြောင်းလည်းတွေ့ရှိရပေသည်။ လယ်စပါးတွင် တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ (၆၉) ပုံး ဝန်းကျင်ထွက်ရှိပြီး၊ သွင်းအားစု လိုအပ်ချက်မှာ အလယ်အလတ်တွင် ရှိသည်။ လူငှား စရိတ်နှင့် ကျွဲငှားခမြင့်မားမှုကြောင့် အမြတ်ရရှိမှု နိမ့်ပါးကြသည်။ ၎င်းအပြင် ဒေသမျိုး စပါးမျိုးများ ကိုသာ အဓိကစိုက်ပျိုးကြသဖြင့် ဈေးကောင်းမရှိနိုင်ပေ။ တောင်ယာစပါးတွင်လုပ်ငန်းထက်လုပ်အား လိုအပ်ချက်မြင့်မားပြီး၊ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၃၀) ပုံး ဝန်းကျင်ထွက်ရှိကြောင်းသိရှိရသည်။ စပါးနှစ်ပုံးတွင် တစ်တင်ရှိပါသည်။

ဥယျာဉ်ခြံပိုင်ဆိုင်သူများက ဝဥ၊ ငှက်ပျော၊ သရက်၊ လိမ္မော်စသည့် သစ်သီးဝလံများ စိုက်ပျိုးကြသည်။ ဝဥစိုက်ပျိုးရန် မြေနေရာရှိသော်လည်း ဝဥမျိုးရရန် ခက်ခဲမှုရှိသည်။ သစ်တောမြေများကို ကောင်းမွန်စွာ စောင့်ကြည့်နိုင်ရန်နှင့် မှောင်ခိုသစ်ခိုးထုတ်မှုအား ကာကွယ်ရန် ကျေးရွာသစ်တောထိန်းသိမ်းရေးကော်မတီဖွဲ့စည်းပြီး စောင့်ကြည့်အကဲခတ်မှု အမြဲပြုလုပ်သည်။ တောင်ယာမပိုင်သော အိမ်ထောင်စုတစ်ချို့က ဝဥခြံလုပ်ကိုင်မှုရှိသည်။ တောင်ယာလုပ်ငန်းနှင့် ဥယျာဉ်ခြံတွဲဖက်လုပ်ကိုင်သူများလည်း ရှိသည်။ မိုးရေကိုသာ အဓိကစိုက်ပျိုးရေးအတွက် အားကိုးကြသည်။ ဝဥစိုက်ပျိုးရေးသည် ဒေသနှင့်ကိုက်ညီမှုမရှိသည့်အပြင် တောင်သူအများစုကလည်း စိုက်ပျိုးရန်စိတ်ဝင်စားမှုမရှိသဖြင့် ဝဥစိုက်ပျိုးရေးအတွက် နည်းပညာနှင့် ငွေကြေးဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်းသည် အလွန်ဆီလျော်မှု ရှိမည်ဖြစ်သည်။ သို့သော် ယခုအခါ ဝဥဈေးနှုန်းကျဆင်းခြင်းကြောင့် ကျေးရွာသူ ရွာသားများစားဝတ်နေရေး အလွန်ပင် အခက်ခဲကြုံတွေ့နေရပါသည်။

ကျွဲမွေးမြူရေးလုပ်ငန်းသည် ဒေသနှင့် ကိုက်ညီမှုရှိပြီး ဝင်ငွေအများဆုံးရရှိနိုင်သည့် လုပ်ငန်းဖြစ်သည်။ သုံးနှစ်သားကျွဲတစ်ကောင်လျှင် ကျပ် (၆) သိန်းနှင့် အထက်ရှိပါသည်။ အမြင့်ဆုံးဈေးမှာ ကျွဲတစ်ကောင်လျှင် ကျပ် (၁၂) သိန်းထိ ရှိနိုင်ပါသည်။ သို့သော် ကျွဲများသည် နွားများကဲ့သို့ ခြံလှောင်မွေးမြူ၍မရသော သဘောသဘာဝရှိသည်။ တောင်လာကျေးရွာတွင် တောင်ယာအကွက် ရှစ်ကွက်ရှိသဖြင့် တောင်ယာမခုတ်သော အခြမ်းတွင် ကျွဲများကို လွတ်ကျောင်းစနစ်ဖြင့်မွေးမြူနိုင်ပါသည်။ ကျွဲမွေးမြူရေးအတွက်ချေးငွေရရှိပါက တစ်အိမ်ထောင် (၅) ကောင်နှုန်း မွေးမြူနိုင်ကြမည် ဖြစ်သည်ဟု အုပ်စုလိုက်ဆွေးနွေးမှုမှသိရှိရပါသည်။ ကျွဲမွေးမြူရေးသည် ထင်ရှားသော လုပ်ငန်းတစ်ခုဖြစ်သော်လည်း၊ စီးပွားဖြစ်ထုတ်လုပ်ရန် မဟုတ်ဘဲ၊ တစ်ပိုင်တစ်နိုင်အဆင့်တွင်သာ ရှပါသည်။ မွေးမြူရေးနှင့်ပတ်သက်၍ ဈေးကွက်မှာ ကျဉ်းမြောင်းပြီး၊ ဒေသတွင်းရောင်းဝယ်မှုသာ ပြုလုပ်ကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ မရှိပါ။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှု

ချိန်းဆော (chain-saw) သစ်ဖြတ်လွှတစ်မျိုး အသုံးပြုပြီး မှောင်ခိုသစ်ထုတ်လုပ်မှု ရှိနေခြင်း နှင့်အတူ အခြားအပင်မျိုးစိတ်များပါ ရှားပါးလာခြင်းများ တွေ့ရသည်။ ကားလမ်း ဖောက်လုပ်ခြင်းမှ ထွက်လာသောမြေသားများကို မြစ်ချောင်းများထဲတွင် စွန့်ပစ်ကြသဖြင့် ငါးများပြောင်းရွှေ့ကုန်ခြင်း ကြောင့် ငါးမျိုးကွဲများရှားပါးလာသည်။ သစ်တောပြုန်းတီးမှုကြောင့် ကျက်စားရာနေရာ နည်းပါးလာခြင်း၊ တောလိုက်ခြင်းများကြောင့် တိရစ္ဆာန်မျိုးကွဲများရှားပါး လာကြသည်။ ၎င်းအပြင် ပလပ်စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်မှု မရှိခြင်းကြောင့် ချောင်းများတွင် အမှိုက်များ ပြန့်ကျဲနေတတ်ပါသည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှု မရှိခြင်းကြောင့်၊ ပတ်ဝန်းကျင်နှင့် မြေဆီဩဇာပျက်စီးမှု အပေါ်တွင်ထိခိုက်မှု မရှိပေ။

(င) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ

ကျေးရွာသည် ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ လက်လှမ်းမှီမှု အနည်းငယ်သာရှိပါသည်။ မြန်မာ့စီးပွားရေးဘဏ်တစ်ခုသာရှိပြီး၊ ငွေချေးမှုလုပ်ငန်းများ ပြုလုပ်ခြင်းမရှိပေ။ မြန်မာ့စိုက်ပျိုး ရေးဘဏ်သည် မတူပီမြို့နယ်တွင် မရှိပါ။ စိတ်တူကိုယ်တူအဖွဲ့မှ ချေးငွေနှင့် မိတ်ဆွေ၊ ဆွေမျိုးများထံမှ ငွေချေးယူမှုများ ပြုလုပ်ကြကြောင့်သိရှိရသည်။ ထို့ကြောင့် ဘဏ်လုပ်ငန်းနှင့် သက်ဆိုင်သောမူဝါဒများ၊ ပုဂ္ဂလိကငွေချေးအဖွဲ့များ ပေါ်ပေါက်လာရေးသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုတွင်ရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်မူလွန်ကျောင်းတစ်ခုရှိပါသည်။ မူလတန်းကျောင်းတက်နှုန်း ၁၀၀ ရာခိုင်နှုန်း ကျော်နေရခြင်းမှာ (၉) နှစ်ထက်ကလေးများ မူလတန်းအဆင့်တွင် ပညာသင်ကြားနေကြခြင်း ကြောင့် ဖြစ်သည်။ မူလတန်းကျောင်းတက်နှုန်းမြင့်မားသော်လည်း အလယ်တန်းအဆင့်တွင် ကျောင်းထွက်နှုန်းမှာ (၂၇%) ရှိပါသည်။ ဤသို့ အလယ်တန်းအဆင့် ကျောင်းထွက်ရသည့် အကြောင်း တစ်ချို့မှာ မိသားစုဝမ်းစာ မဖူလုံမှုရှိခြင်း၊ ဝင်ငွေနည်းပါးခြင်းများကြောင့် လုပ်ငန်းခွင်သို့ စောစီးစွာ ရောက်သွားကြသည်။

မူလွန်ကျောင်းဆောင်တစ်ခုတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အမျိုးအစားဖြစ်ပြီးအသင့်အတင့် ကောင်းမွန်ပါသည်။ သို့သော် ကျောင်းသုံးပရိဘောဂ များမှာလုံလောက်မှုမရှိပါ။ ကျေးရွာအတွင်း၌သာ တည်ရှိသောကြောင့် ခြေကျင်ဖြင့်သာ ကျောင်းတက်ကြသည်။ မူလွန်ကျောင်းအတွက် အစိုးရခန့်ဆရာ၊ ဆရာမ (၄) ဦး ရှိပါသည်။ ဆင်းရဲသော မိသားစုများအတွက် အစိုးရမှကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ ထောက်ပံ့ကူညီ ပေးသော်လည်း၊ အခြားပစ္စည်းများထပ်မံ ဝယ်ယူရန် အခက်အခဲရှိနေသေးကြောင်း တွေ့ရှိ ရသည်။ အလယ်တန်း အဆင့်တွင် ကျောင်းစရိတ် မြင့်မားခြင်း၊ ဝင်ငွေမရှိခြင်းများကြောင့် ကလေးများအား ကျောင်းထားရန် မတတ်နိုင်ကြပါ။

ကျန်းမာရေးနှင့်ပတ်သက်၍ အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျောနှင့် ငှက်ဖျားရောဂါတို့ ဖြစ်ကြသည်။ သားဖွားဆရာမ တစ်ဦးမျှကျေးရွာတွင် မရှိ၍ ခက်ခဲလှပါသည်။ ကျန်းမာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ကျေးရွာဆေးပေးခန်းလည်း မရှိပေ။ တောင်လာ ကျေးရွာသည် မတူပီမြို့နှင့် (၉၉) မိုင် ကွာဝေးပြီး၊ ခွဲစိတ်ကုသမှုအပိုင်းနှင့် အရေးပေါ် ကုသမှုအပိုင်းတွင် မတူပီမြို့နယ်သို့ လာရောက်ကြသည်။ အခြားဆေးဝါး ပစ္စည်းများအား မတူပီမြို့ပေါ်၌သာဝယ်ယူရရှိနိုင်သည်။ မတူပီဆေးရုံတွင် အခန်းနှင့် ကုတင်များမှာ လုံလောက်မှုရှိပြီး၊ မိုးရာသီ၌ (၂၄) နာရီ လျှပ်စစ်မီးရရှိကြောင်း သိရှိရသည်။

သောက်သုံးရေနှင့်ပတ်သက်၍ အဓိကအားဖြင့် စိမ့်စမ်းရေကိုသာ သောက်သုံးကြကြောင်း တွေ့ရှိရပါသည်။ စိမ့်စမ်းရေအားပိုက်ဖြင့် သွယ်တန်းပြုလုပ်ပြီး၊ အုတ်ကန်ဖြင့် သိုလှောင်အသုံးပြု ကြသည်။ တချို့အိမ်ထောင်စုများမှာ ကိုယ်တိုင်ပိုက်သွယ်တန်းပြုလုပ်ပြီး သောက်သုံးရေ ရရှိအောင် ပြုလုပ်ကြသည်။ ပုံမှန်အားဖြင့် သောက်သုံးရေမှာ လုံလောက်လေ့ရှိပြီး၊ တစ်ချို့နှစ်များတွင် နွေရာသီ၌ မလုံလောက်မှု အနည်းငယ်ရှိတတ်သည်။ အနီးရှိချောင်းများမှ သွားရောက်ခပ်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ ယင်လုံအိမ်သာသုံးစွဲမှုနှင့် ပတ်သက်၍ ကျေးရွာ အိမ်ထောင်စု၏ (၄၈) ရာခိုင်နှုန်းမှာ ယင်လုံအိမ်သာသုံးစွဲမှု ရှိကြောင်းတွေ့ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု အနည်းငယ်မျှသာ ယင်လုံအိမ်သာသုံးစွဲမှု မရှိကြောင်း တွေ့ရှိရပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များ လူမှုရေးလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှုများရှိကြသည်။ နာမကျန်းဖြစ်သော လူနာများအား ဆေးရုံပို့ပေးခြင်း၊ နာရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း၊ ဘာသာရေးပွဲများတွင် ပါဝင်ကူညီခြင်း (ချက်ပြုတ်ခြင်း၊ ဧည့်ခံကျွေးမွေးခြင်းများပြုလုပ် ခြင်းဖြင့်) လုပ်အားပေးမှုများ ရှိကြသည်။ ၎င်းအပြင် ရပ်ရွာဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သော လမ်းပြုပြင်ခြင်း၊ တံတားပြုပြင်ခြင်းလုပ်ငန်းများတွင်လည်း အချိန်အားလျော်စွာပါဝင်မှု ရှိကြသည်။ ယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အနည်းငယ်အားနည်း မှုရှိသော်လည်း၊ ရိုးရာအဝတ်အစားများအား ဘာသာရေးပွဲနှင့် ဘုရားကျောင်းများတွင် ဝတ်ဆင်မှုရှိကြသည်။ စာကြည့်တိုက်နှင့် အင်တာနက် စသည်တို့အား လက်လှမ်းမှီမှု မရှိကြပါ။

(၉) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု – လမ်း၊ တံတား၊ လျှပ်စစ်မွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

တောင်လာကျေးရွာသည် မော်တော်ဆိုင်ကယ်ဖြင့်သာ သွားလာနိုင်ပါသည်။ ကျေးရွာတွင်း လမ်းသည် မိုးရာသီအတွင်း၌ သွားလာရခက်ခဲပြီး၊ ပွင့်လင်းရာသီ၌သာ သွားလာရေး အဆင်ပြေချောမွေ့မှုရှိကြောင်း တွေ့ရှိရသည်။ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ မော်တော်ဆိုင်ကယ်များသာ အဓိကအားထား အသုံးပြုကြကြောင်း သိရှိရသည်။ မိုးရာသီ၌ မော်တော်ဆိုင်ကယ်ဖြင့်သာသွားလာနိုင်သည်။ ကျေးရွာ၌ မော်တော်ဆိုင်ကယ် စုစုပေါင်း(၄၈)စီး ရှိကြောင်းသိရပါသည်။

ကျေးရွာပိုင် အသေးစား ရေအားလျှပ်စစ်သွယ်ယူသော ရေစုကန်၊ ရေပိုက်လမ်းကြောင်းများသည် ၂၀၂၂ ခုနှစ်၊ မိုးရာသီအတွင်း၌ ပြိုကျပျက်စီးပြီး ပြန်လည်ပြုပြင်နိုင်ခြင်း မရှိသေးပါ။ မီးကြိုးများနှင့် ရွာတွင်းမီးသွယ်ယူမှု စနစ်မှာ ပြန်လည်ပြုပြင်ပြီး အသုံးပြုလျက်ရှိကြောင်း တွေ့ရသည်။ ဆက်သွယ်ရေး အပိုင်းနှင့် ပတ်သက်၍ MPT အားရံဖန်ရံခါများတွင် အသုံးပြုနိုင်ပါသည်။ မတူပီမြို့ပေါ်၌ပင် ဆက်သွယ်ရေးမှာ လွန်စွာညံ့ဖျင်းကြောင်း သိရှိရပါသည်။ တယ်လီဖုန်း (၁၇) လုံး ရှိသည်ဆိုသော်လည်း၊ ဆက်သွယ်ရေးအပိုင်းတွင် ခက်ခဲမှုများစွာ ရှိသေးကြောင်း တွေ့ရှိရပါသည်။

(၈) တည်ငြိမ်အေးချမ်းမှုနှင့် ပြည့်သူ့လုံခြုံရေး

ကျေးရွာအတွင်း၌ MPT အသုံးပြုနိုင်သော်လည်း၊ ဖုန်းလိုင်းမှာ လွန်စွာမကောင်းပါ။ အာမခံလုပ်ငန်းများနှင့် လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် ပတ်သက်၍ လက်လှမ်းမှီမှု မရှိပါ။ မှုခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ထူခြားဖြစ်စဉ်များ မရှိဘဲ၊ ငြိမ်းချမ်းစွာ နေထိုင်ကြောင်း တွေ့ရှိရသည်။ အကယ်၍ လိုအပ်လာပါက မတူပီရဲစခန်းမှ လုံခြုံရေးအကူအညီများ ရယူနိုင်ပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အထားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မိုးရာသီတွင် ချောင်းများကိုသွယ်ယူပြီး လယ်စပါးစိုက်ပျိုးကြသည်။ စိုက်ပျိုးမြေကို ရွှေ့ပြောင်းတောင်ယာနှင့် လယ်မြေဟူ၍ အဓိကနှစ်မျိုး ခွဲရမည်ဖြစ်သည်။ တောင်ယာစပါးကို ပိုမို လုပ်ကိုင်ကြသည်။ လယ်မြေနှင့် တောင်ယာများရှိ မြေဆီဩဇာမှာ အသင့်အတင့် ကောင်းမွန်မှုရှိသည်။ ဥယျာဉ်ခြံမြေများတွင် ငှက်ပျော၊ နာနတ်၊ သရက်၊ နာနတ်နှင့် လိမ္မော်ပင်များကို စိုက်ပျိုးကြသည်။ စီးပွားရေးဖြစ် ရောင်းချခြင်းမျိုးမရှိဘဲ၊ စားဖို့သက်သက်သာ စိုက်ပျိုးကြကြောင်း သိရှိရသည်။ အဓိကအားဖြင့် လယ်စပါးနှင့် တောင်ယာစပါး နှစ်မျိုးကိုသာ စိုက်ပျိုးကြပြီး ဝမ်းစာအတွက်သာ သိုလှောင်ထားကြသည်။ ကျွဲမွေးမြူရေးသည် ရေမြေဒေသနှင့် ကိုက်ညီမှုရှိသော မွေးမြူရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ လွှတ်ကျောင်းရန် စားကျက်များရှိပြီး၊ တိရစ္ဆာန်အစာများပြားစွာ ရရှိနိုင်သည်။ သို့သော် မိသားစုတိုင်း မွေးမြူရန် အတတ်နိုင်ကြပေ။

သောက်သုံးရေနှင့် ပတ်သက်၍ အဓိကအားဖြင့် စိမ့်စမ်းရေကို သောက်သုံးကြကြောင်း တွေ့ရှိရပါသည်။ စိမ့်စမ်းရေအားပိုက်ဖြင့် သွယ်တန်းပြုလုပ်ကြပြီး၊ အုတ်ကန်ဖြင့် သိုလှောင်အသုံးပြုကြသည်။ တချို့အိမ်ထောင်စုများမှာ ကိုယ်တိုင်ပိုက်သွယ်တန်းပြုလုပ်ပြီး သောက်သုံးရေ ရရှိအောင်ပြုလုပ်ကြသည်။

ကျေးရွာတွင်း အားကစားကွင်းတစ်ခုရှိပြီး၊ လူငယ်များ ဘောလုံးကစားခြင်းများ ပြုလုပ်ကြသည်။ လူငယ်များသည် ဘာသာရေးပွဲများနှင့် ဘုရားကျောင်းများတွင် သီချင်းဆိုခြင်း၊ ကပြခြင်း များဖြင့် တက်ကြွစွာပါဝင်လှုပ်ရှား ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

စိုက်ပျိုးသီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးစရိတ်ချေးငွေများ လက်လှမ်းမှီမှု မရှိကြပေ။ ၎င်းအပြင် လိုအပ်သော စိုက်ပျိုးနည်းပညာ ရရှိမှုမှာလည်း ခက်ခဲမှုရှိပါသည်။ တိရွေးကု ဗဟုသုတနှင့် နည်းပညာ သိနားလည်မှု နည်းပါးသည်။ မွေးမြူရေး ဗဟုသုတနှင့် နည်းပညာ သိနားလည်မှု နည်းပါးသောကြောင့် ကာကွယ်ဆေးများ ထိုးနှံသည့် အလေ့အထမရှိသည်ကို တွေ့ရသည်။ ၎င်းအပြင် ထုတ်ကုန်လုပ်ငန်းများ တည်ထောင်နိုင်ရန် ငွေကြေးဝန်ဆောင်မှု မရရှိကြပါ။ ကျေးရွာ မူလွန်ကျောင်းတွင် အဆောက်အဦးတစ်ခုရှိသော်လည်း ကျောင်းသုံး ပရိဘောဂ လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ တောင်လာကျေးရွာသည် မော်တော်ဆိုင်ကယ်ဖြင့်သာ သွားလာ နိုင်သည်။ ကျေးရွာတွင်းလမ်းသည် မိုးရာသီ၌ သွားလာရခက်ခဲပြီး၊ ပွင့်လင်းရာသီ၌သာ သွားလာရေး အဆင်ပြေချောမွေ့မှုရှိကြောင်း တွေ့ရှိရပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးနှင့် ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်း ဆောင်ရွက်သောအဖွဲ့နှင့် တိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် နည်းဗျူဟာများ ရေးဆွဲထားပြီး ဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုးရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေး များနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များ ပါဝင်သည်။ ကွင်းဆင်းအဖွဲ့နှင့် တိုင်ပင်ပြီး ရည်မှန်းချက်ပန်းတိုင် (၃) ခုကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။ ၎င်းတို့မှာ –

(က) ကျွန်ုပ်တို့ရွာလူထုသည် ဝင်ငွေရ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးမြင့်လုပ်ကိုင်လာနိုင်ပြီး ဝင်ငွေတိုးလာရမည်။

(ခ) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာတွင် မီးလင်းရေးနှင့် သယ်ယူပို့ဆောင်ရေး ကောင်းမွန်လာခြင်းတို့မှတဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

ကျွန်တော်တို့ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော် အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ မူဝါဒဆိုင်ရာ အကူအညီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များစွာ လိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်

အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာစေရေး၊ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ကဏ္ဍများ လက်လှမ်းမှီရရှိစေရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာ ရရှိစေရေး နှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးရွာနှင့် မတူပီမြို့နယ်နှင့် ပြည်နယ် အစိုးရတို့ဖြင့် ဆက်စပ်လုပ်ကိုင်မှု တိုးချဲ့ရန် လိုအပ်ပါသည်။

(က) တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးမထုတ်လုပ်နိုင်သော်လည်း၊ ဝဋ္ဌအဓိက စိုက်ပျိုးခြင်း၊ လယ်စပါး ပိုမိုစိုက်ပျိုးခြင်းနှင့် ရာသီသီးနှံအချို့ စိုက်ပျိုးခြင်း ဖြင့် ဝင်ငွေအထိုက်အလျောက်ရရှိနိုင်ပါသည်။ သို့သော် သီးနှံပိုထွက်ရန် တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးခြင်းနှင့် သဘာဝမြေဩဇာ သုံးစွဲခြင်း၊ ဘက်စုံသီးနှံဖျက်ပိုး ကာကွယ်နှိမ်နှင်းနည်းများ၊ ဘဏ်လုပ်ငန်း နှင့် ချေးငွေဆိုင်ရာ အစီအစဉ်များ၊ စုပေါင်းရောင်းချ/ရောင်းဝယ်ခြင်းများ အပါအဝင် နည်းစနစ်ကောင်းများသုံးရန် ဖန်တီးပေးရပါမည်။ နွေရာသီတွင် ရရှားပါးမှုကြောင့် အစက်ချစိုက်ပျိုးနည်းစနစ်များပါ ထည့်သွင်းစဉ်းစားသင့် ပါသည်။

(ခ) လယ်မဲ့ယာမဲ့နှင့် လယ်ယာမြေအနည်းငယ်ပိုင်ဆိုင်သူများကို အိမ်ခြံဝင်း ဥယျာဉ်စိုက်ပျိုးရေး အားပေးဆောင်ရွက်မည်။ ရွှေ့ပြောင်းတောင်ယာမှ အမြဲတမ်းလယ်ယာသို့ ပြုပြင်းပြောင်းလဲရန် လိုအပ်ပါသည်။ အစိုးရ၏ ထောက်ပံ့ကြေးပေးမှု အစီအစဉ်များလည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။ မြေယာမဲ့အိမ်ထောင်စု အနည်းငယ်သာရှိပြီး တစ်ရွာလုံးနီးပါး ဝဋ္ဌစိုက်ပျိုး ကြသည်။ ဝဋ္ဌမျိုးများ ရှားပါးလာခြင်းကြောင့် ဝဋ္ဌမျိုးထုတ်လုပ်သည့် နည်းစနစ်များ တောင်သူများအား လက်ဆင့်ကမ်းသင့်ပါသည်။ ၎င်းအပြင် စျေးကွက်သို့ တန်ဖိုးမြှင့်ထုတ်လုပ်သည့် နည်းစနစ်များ သင်ကြားပေးခြင်း ဖြင့် ဝဋ္ဌအခြောက်များ ရောင်းချနိုင်မည်ဖြစ်သည်။ သို့မှသာ တောင်သူများ ဝင်ငွေပိုမိုရရှိလာနိုင်ပြီး၊ စီးပွားရေးအဆင်ပြေနိုင်ပါမည်။

(ဂ) လယ်မဲ့ယာမဲ့နှင့် ဆင်းရဲသားလယ်သမားများအား ဆိတ်၊ ကျွဲ၊ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ပြီး အပိုဝင်ငွေရရှိစေမည်။ ကျေးရွာ၏ အိမ်ခြံဝင်းများသည် ကျယ်ဝန်းသဖြင့် တိရစ္ဆာန်မွေးမြူရေး လုပ်ကိုင် နိုင်သည်။ ကျွဲမွေးမြူရေးသည် ကျေးရွာ၏ အဓိကမွေးမြူရေး ဖြစ်ပြီး၊ အသားခြောက်ပြုလုပ်ပြီး၊ အခြားဒေသများသို့ ရောင်းချပါက ဝင်ငွေ ပိုမိုရရှိနိုင်သည်။ သို့သော် အခြောက်လှန်းရန် အခြောက်ခံစက်၊ အသားခြောက်ထုတ်လုပ်သော နည်းပညာနှင့် အခြားစျေးကွက်ချိတ်ဆက် မှုများလည်း စီမံဆောင်ရွက်သင့်ပါသည်။

(ဃ) လယ်မဲ့ယာမဲ့ဆင်းရဲသားများ ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်အကိုင် များ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖော်ဆောင်ပေးရေး၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုကျွမ်းကျင်ရေး၊ လုပ်ငန်းသစ်များစွန့်ထွင် လုပ်ကိုင်ရေး၊ တနိုင်တပိုင်ကျေးလက် ကုန်ထုတ်

လုပ်ငန်းများ တိုးပွားလာပြီး အနီးအနားတဝိုက်စျေးများတွင် ထုတ်ကုန်များ ရောင်းချရေးတို့ကို လုပ်ရပါမည်။

(ငါ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် ချေးငွေများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုများ ရရှိရန် ပိုမိုကောင်းမွန်သော ဘဏ်လုပ်ငန်းများလိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှုပေးသည့် ဘဏ်နှင့် ငွေချေးယူမည့် ကျေးရွာသားများကို စွမ်းဆောင်ရည်မြှင့်တင်းပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများဘက်မှ ဘဏ်သို့အဆိုပြုလွှာ တင်နိုင်ရန် အတွက် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြု ငွေစုငွေချေးလုပ်ငန်းကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာ ငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်နှင့်ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံငွေ ပိုမိုအားကောင်းလာ မည်ဖြစ်သည်။ ငွေထုတ်ချေးမည့် ဘက်မှလည်း ဘဏ်နှင့် ငွေကြေးကဏ္ဍ ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှ ဆွေးနွေးညှိနှိုင်း တောင်းဆိုမှုများ လုပ်ရန် လိုအပ်သည်။ သို့မှသာ ကျေးလက်ဒေသနေ ပြည်သူများထံသို့ ငွေကြေးဝန်ဆောင်မှုနှင့် ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက်လောက် ရှိနိုင်ပေမည်။

(စ) ကျေးရွာမီးလင်းရေးအတွက် ရေကြီးမှုကြောင့် ပျက်စီးနေသော အသေးစား ရေအားလျှပ်စစ်စနစ်အား ပြန်လည်ပြုပြင်ပမည်။ ရေလှောင်ကန်များ ရေသွယ်လိုင်းများ ပြန်လည်ပြုပြင်ကြပါမည်။ ထို့အပြင် ထိရောက်စွာ လုပ်ငန်းလည်ပတ်ရေးနှင့် ရေရှည်ထိန်းသိမ်းရန် အစီအစဉ်များကို ရေးဆွဲ ဆောင်ရွက်ကြပါမည်။

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှ ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း မှန်မှန်စိစစ်သွားနိုင်ပါမည်။

(ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေး

စိုက်ပျိုးရေးဌာနနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာများအား ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ပါသည်။ မိုးရာသီတွင် မိုးရေဖြင့် စပါးစိုက်ပျိုးကြသော်လည်း နွေရာသီတွင် ရာသီသီးနှံများစိုက်ပျိုးရန် စိုက်ပျိုးရေး အခက်အခဲရှိပါသည်။ ၎င်းအပြင် စိုက်ပျိုးထားသော သီးနှံများအား၊ အထူးသဖြင့် ဝဋ္ဌစိုက်ခင်းများအား ကျွဲများဖျက်စီး၍ ဆုံးရှုံးမှုများ နှစ်စဉ်ကြုံတွေ့ကြရသည်။ ထိုပြဿနာများအား ရပ်ရွာဝင်လေ့အရ ဖြေရှင်းလေ့ရှိပြီး၊ အစိုးရဌာနမှလည်း ထိရောက်သော အရေးယူမှုများ မပြုလုပ်နိုင်ပေ။ ကျွဲသည် လွတ်ကျောင်းမွေးရသော ဓလေ့ရှိပြီး၊ စားကျက်မြေသတ်မှတ်၍ မွေးမြူပါက ပိုမို အဆင်ပြေနိုင်ပါမည်။ ကျွဲများအားစုပေါင်းပြီး လွတ်ကျောင်း၍ အလှည့်ကျထိန်းကျောင်းသော စနစ်သည် ပိုမိုထိရောက်အဆင်ပြေနိုင်သည်ဟု မွေးမြူရေးဦးစီးဌာနမှ ထောက်ခံမှုပေးပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

မတူပီမြို့နယ်တွင် မြန်မာ့စိုက်ပျိုးရေးဘဏ်မရှိခြင်းသည် စိုက်ပျိုးသူ တောင်သူများ အတွက်အခွင့်အလမ်းတစ်ရပ်ဆုံးရှုံးစေပါသည်။ သို့သော် ကျေးရွာတွင် မြန်မာ့စိုက်ပျိုးရေး ဦးစီးဌာနမှ အထူးအစီအစဉ်ဖြင့် စိုက်စရိတ်ထုတ်ချေးပေးပါသည်။ ဘဏ်လုပ်ငန်းများအား ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲ ချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဃ) ကျေးလက်အသေးစား စက်မှုလုပ်ငန်းဆိုင်ရာ အစီအစဉ်

နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းတစ်ချို့ ပါဝင်သင့်ပါသည်။ မြို့နယ်ဒေသမှ သည်ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။ ၎င်းအဖွဲ့သည် သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့များနှင့် ချိတ်ဆက်၍ အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးရန် လုပ်ဆောင်သင့်ပါသည်။ စျေးကွက်ဆိုင်ရာ သတင်းအချက်အလက်များလည်း ကျေးရွာများလက်လှမ်းမှီစွာ ရရှိရန် လုပ်ဆောင်ပေးသင့်ပါသည်။

(င) လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား လွန်စွာအထောက်အကူဖြစ်စေပါသည်။ လမ်းပန်းဆက်သွယ်ရေး မကောင်းမှုကြောင့် ကုန်သည်စီးဆင်းမှုအား နှောင့်နှေးစေပြီး၊ အမြတ်ရရှိမှုအား လျော့နည်းစေပါသည်။ တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ မိုးရာသီတွင်သွားလာရန် ခက်ခဲမှုကြောင့် စီးပွားရေး လုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများအား ထိခိုက်မှုရှိစေပါသည်။ ထို့ကြောင့် ကျေးရွာတွင်းလမ်းအား သက်ဆိုင်ရာ

ကျေးလက်ဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လုပ်ကိုင်စေလိုပါသည်။ ၎င်းအပြင် မတူပီ၊မင်းတပ် လမ်းမကြီးသည် မတူပီမြို့၏ အဓိကသွေးကြောကြီးတစ်ခု ဖြစ်သောကြောင့် ဆောက်လုပ်ရေးဦးစီးဌာနနှင့် ထွေအုပ်ဌာနတို့မှ နိုင်ငံတော်အစိုးရဘတ်ဂျတ်၊ ပြည်နယ်အစိုးရ ဘတ်ဂျတ်များဖြင့် ကောင်းမွန်စေရန် ပြုပြင်စေလိုပါသည်။ ယခုနှစ် ၂၀၂၂ ခုနှစ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ လမ်းပြတ်ခြင်းနှင့် တံတားမရှိ၍ ကားလမ်းများ တိုက်စားခြင်း နေရာအနှံ့အပြားခဲ့ ဖြစ်ပွားခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရပါသည်။

(စ) ကျေးရွာမီးလင်းရေး

အသေးစားရေအားလျှပ်စစ်ဖြင့် ကျေးရွာတွင်း မီးလင်းရေး အသုံးပြုနေသော်လည်း trasformer အသုံးမပြုနိုင်သဖြင့် မီးအားများခြင်း၊ မီးအားနည်းခြင်း အခက်အခဲများကို ကြုံတွေ့ရပါသည်။ ထို့ကြောင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခက်အခဲ ရှိပြီး၊ စီးပွားရေးလုပ်ငန်းများမလုပ်ဆောင်နိုင်ပေ။ ပြည်ထောင်စုအစိုးရ၊ လျှပ်စစ် ဝန်ကြီး ဌာနများမှ trasformer ရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်းဖြင့် မီးအားအတက်အကျ အခက် အခဲများ ဖြေရှင်းပေးနိုင်မည်ဖြစ်၍ရွာသူ၊ ရွာသားများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။

(ဆ) သောက်သုံးရေ

ကျေးရွာသောက်သုံးရေနှင့် ပတ်သက်၍ နွေရာသီတွင် လုံလောက်မှုအနည်းငယ်မရှိ ကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင် သောက်သုံးရေသိုလှောင်ရန် ရေကန်ရှိနေသော်လည်း ရေလုံလောက်မှုမရှိခြင်းကြောင့် ပြည့်ဝစွာသိုလှောင်ထားနိုင်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ရေသွယ်တန်းမည့် နေရာနှင့် ရေလှောင်ကန်မှာ အနည်းငယ်ဝေးကွာနေပြီး၊ သွယ်တန်းရန် ရေပိုက်များ မဝယ်ယူနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့်သက်ဆိုင်ရာ အစိုးရဌာန၊ အထွေထွေ အုပ်ချုပ်ရေးဌာနနှင့် ပြင်ပအဖွဲ့အစည်းများထံမှ လိုအပ်သောအကူအညီနှင့် အထောက်အပံ့များ ရရှိလာနိုင်က ကျေးရွာအတွက် သောက်သုံးရေလုံလောက်စွာ ရရှိလာနိုင်ပေမည်။

(၈) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော် လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင်ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့် အများပြောင်းလဲ မှုရှိမည် အဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာ နိုင်ပါသည်။

ထို့ကြောင့် ၎င်းကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျတ်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မှန်ဘောင်တွင် နှစ်အလိုက်အကောင်ထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျတ်သည် (က)မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

(၁) ငွေကြေးရင်းနှီးမြှုပ်နှံမှုများ (Capacity Investment) ဥပမာ – ဆောက်လုပ်ရေး၊ ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြင့်တင်ရေး (Capacity Building) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်း စသည့်အသုံးစရိတ်

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ်အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှာ ကျေးရွာတွင်ဆောင်ရွက် သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပြသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်း များထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

တောင်လာကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။

ဦးစားပေးစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက်အမည်	အတိုင်းအတာ/ ကြိမ်ရေ/ ဦးရေ	ခန့်မှန်း ကုန်ကျငွေ (ကျပ်သန်း)	ဦးစားပေး အဆင့်	မှတ်ချက်
၁	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	(၃/၀)မိုင်×၆'	၁၀.၀၀၀	၁	ဆောင်ရွက်ပြီး
၂	ဘက်စုံသုံးခန်းမဆောင်ဆောက်လုပ်ခြင်း	(၃၀'×၄၀'×၁၉')	၁၂.၀၀၀	၂	
၃	ဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း	၂၄'×၂၄'×၉'	၁၀.၀၀၀	၃	
၄	ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ခြင်း	၁၄'×၂၄'×၈'	၁၅.၀၀၀	၄	
၅	ဘောလုံးကွင်းတိုးချဲ့ခြင်း	၄၀'×၆၀'	၄.၀၀၀	၅	
	စုစုပေါင်း		**၅၁.၀၀၀**		

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာရွေးချယ်ဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းနှင့်ဆိုင်းသော အကြောင်းအရာများကို လုပ်ငန်းတစ်ခုခြင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံ အဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျတ်နှင့် ငွေရေးကြေးရေး အစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ် အထောက်အပံ့ များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့များထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိမှုအပေါ် အခြေခံပြီးနှစ်စဉ် ပြုပြင်းပြောင်းလဲနိုင်သည်။ ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည် ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန် ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာ၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိက တာဝန်ယူ ပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာ မူလတန်း ကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တိုးကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်းဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာအကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်ပေါ်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခု လုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေး ထားသောအဖွဲ့၏ တာဝန်သာဖြစ်သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်

ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်း များနှင့်နီးနီး ကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရည်တည်တံ့ရေး အစီအစဉ် များ ထားရှိရမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံ ခြင်းတို့ဆောင်ရွက်မည်။ ထို့ပြင်တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် ကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေး အတွက် မိဘဆရာအသင်း စသည်ဖြင့်ဆောင်ရွက်ပါမည်။

(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက် နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်းရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါ မည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်လက်များ (Baseline) ရရှိအောင်ဆောင်ရွက်ပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(Monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု(Physical Progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင် တိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial Progress)

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချုပ်များ စုစီးပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်ပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအခက် များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ

  (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)

- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ(၁)

(၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁နှစ်အောက်	၃	၄	၇	၂.၁၆%	နို့စို့အရွယ်
၁နှစ်မှ၅နှစ်	၁၅	၁၀	၂၅	၇.၇၂%	၅နှစ်အောက်ကလေးငယ်
၅နှစ်မှ၉နှစ်	၁၆	၂၂	၃၈	၁၁.၇၅%	မူလတန်းကျောင်းသာအရွယ်
၁၀နှစ်မှ၁၄နှစ်	၂၀	၁၂	၃၂	၁၀%	အလယ်တန်းကျောင်းသားအရွယ်
၁၅နှစ်မှ၆၀နှစ်	၁၀၀	၁၀၂	၂၀၂	၆၂.၅%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀နှင့်အထက်	၁၂	၇	၁၉	၅.၈၇%	အသက်ကြီးရွယ်ကြီး
စုစုပေါင်း	၁၆၆	၁၅၇	၃၂၃	၁၀၀%	
အိမ်ထောင်စုပေါင်း-၄၈					တစ်အိမ်ထောင်စုပျှမ်းမျှလူဦးရေ-၆ဦး

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သက်တင်းအချက်များ(၂၁-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ကျေးရွာတွင်မိသားစု (၄၈)ရှိပြီး လူဦးရေစုစုပေါင်း(၃၂၃)ဦးရှိပါသည်။ ပျမ်းမျှမိသားစုတစ်စုလျှင် (၆)ဦးနှုန်းနေထိုင်ကြပါသည်။ အသက်(၁၅နှင့်၆၀နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၅.၄% ရှိပြီးလူဦးရေစုစုပေါင်း၏ ၄၄.၅၈%သည် မှီခိုသူများဖြစ်ကြသည်။

(၁.၂) လုပ်သားအင်အား

ဇယား(၂)လုပ်သားအင်အား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု %	တွဲဖက် အလုပ်အကိုင်	မှတ်ချက်
၁	စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး)			
ကိုယ်ပိုင်လုပ်ငန်း		၄၉ ၆၁%	လယ်ယာစိုက်ပျိုးရေး ကိုအဓိကလုပ်ဆောင်သည့် အိမ်ထောင်စုများဖြစ်သည်။	

အလုပ်သမား၊ ကျပန်း၊

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု %	တွဲဖက် အလုပ်အကိုင်	မှတ်ချက်
ရာသီအလိုက် အလုပ်သမားမိသားစုဝင် လုပ်အား				
၂	**တရုတ်နွားမွေးမြူရေး**			
	ကိုယ်ပိုင်လုပ်ငန်း	နွားနောက် ၂၁ အိမ်၊ ကျွဲ ၁၁ အိမ်၊ မြင်း ၂ အိမ်၊ဝက် ၅၂ အိမ်		
	အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက်အလုပ်သမား မိသားစုဝင် လုပ်အား			
၃	**ငါးဖမ်းလုပ်ငန်း**			
	ကိုယ်ပိုင်လုပ်ငန်း			
	အလုပ်သများ၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင်လုပ်အား			
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း			
	ကိုယ်ပိုင်လုပ်ငန်း			
	အလုပ်သများ၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင်လုပ်အား			
၅	ထုတ်ကုန်လုပ်ငန်း			
ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သများ၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင်လုပ်အား			
၆	လျှပ်စစ်၊ ဓါတ်ငွေ့နှင့် ရေပေးဝေရေး			
	ကိုယ်ပိုင်လုပ်ငန်း			
	အလုပ်သများ၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင်လုပ်အား			
၇	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း			
	ကိုယ်ပိုင်လုပ်ငန်း			
	အလုပ်သများ၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင်လုပ်အား			
၈	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး			
	ကိုယ်ပိုင်လုပ်ငန်း	(ဆိုင်ကယ်ပြုပြင်သည့်လုပ်ငန်းလုပ်ကိုင်သည်။)		

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု %	တွဲဖက် အလုပ်အကိုင်	မှတ်ချက်
				အပိုပစ္စည်းများစုံလင်စွာ တွဲရောင်းနိုင်လျှင်တွက် ပိုကိုက်သည်။)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား မိသားစုဝင်လုပ်အား			
၉	***ကျွမ်းကျင်းပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)***			
	ကိုယ်ပိုင်လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင်လုပ်အား			
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***			
	ကိုယ်ပိုင်လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား မိသားစုဝင်လုပ်အား	၃.၈၅	၁၂%	ကုန်စုံဆိုင်၊အိမ်ဆိုင်၊
၁၁	***ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း***			
	ကိုယ်ပိုင်လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား မိသားစုဝင်လုပ်အား			
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး***			
	ကိုယ်ပိုင်လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား မိသားစုဝင်လုပ်အား			
၁၃	***ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)***			
	ကိုယ်ပိုင်လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား မိသားစုဝင်လုပ်အား			
၁၄	***အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ***			
	ကိုယ်ပိုင်လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား မိသားစုဝင်လုပ်အား			

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု %	တွဲဖက် အလုပ်အကိုင်		မှတ်ချက်
၁၅	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ စိုက်ပျိုးရေးဌာနများတွင် ရာသီအလိုက်အလုပ်သမား	၅	၆%	အထွေထွေအုပ်ချုပ်ရေး၊ လုပ်ကိုင်ကြပါသည်။	
	မိသားစုဝင်လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား	၃	၄%	ပညာရေးဝန်ထမ်း လုပ်ကိုင်ကြသည်။	
	မိသားစုဝင်လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား				
	မိသားစုဝင်လုပ်အား				
၁၈	***လူမှုရေးလုပ်ငန်းများ***				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား	၂	၂.၅%	သင်းအုပ်ဆရာ လုပ်ကိုင်သည်။	
	မိသားစုဝင်လုပ်အား				
၁၉	***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)***				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား	၂၁	၂၆.၂%	ကျပန်းလုပ်ငန်းအစုံ လုပ်ကိုင်ကြသည်။ ရာသီလိုက်ပြောင်းလဲ	
	မိသားစုဝင်လုပ်အား			လုပ်ကိုင်ကြသည်။	
၂၀	***ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ***				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား				
	မိသားစုဝင်လုပ်အား				

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်း အချက်များ (၂၁ - ၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

တောင်လာကျေးရွာတွင် နေထိုင်သောအိမ်ထောင်စုများသည် လယ်လုပ်ငန်း၊ ရွှေပြောင်းတောင်ယာလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများအဓိကလုပ်ကိုင်ပြီး၊ အသက်မွေးဝမ်းကြောင်း ပြုကြသည်။ အိမ်ထောင်စုပေါင်း (၄၈) ရှိပြီး၊ ရွှေပြောင်းတောင်ယာလုပ်ကိုင်သူ (၂၀) ဦးနှင့် ကျပန်းလုပ်ကိုင်သူ (၁၈) ဦးရှိကြောင်း သိရှိရပါသည်။ အစိုးရဝန်ထမ်းအချို့နှင့် ခရစ်ယာန်ပါစတာ လုပ်ကိုင်သူတစ်ချို့ ရှိကြောင်းလည်းသိရှိရပါသည်။

(၁.၃) စိုက်ပျိုးနိုင်သော

(၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သော ဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးနိုင်သော မြေဧရိယာ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ်(ရေရရှိ သည့်နေရာ/ ရေပေးနိုင်သည့်ဧက)
ဥယျာဉ်	၉၆	သင့်	မရ	မရှိ
အိမ်ခြံဝင်း	-	-	-	-
စိုက်ခင်း				
ရွှေပြောင်း တောင်ယာ	၁၅၅	သင့်	မရ	မရှိ
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
ဖုန်းဆိုးမြေ	-	-	-	-
အခြားသစ် တောမြေ	၁၂၀၀	-	-	-
အခြား	-	-	-	-
စုစုပေါင်း	၁၄၉၁	-	-	-

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၂၁ - ၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

မိုးရာသီတွင်ချောင်းရေများကို သွယ်ယူပြီးလယ်စပါးကို စိုက်ပျိုးပြသည်။ စိုက်ပျိုးမြေကို ရွှေပြောင်းတောင်ယာနှင့် လယ်မြေဟူ၍ အဓိကနှစ်မျိုး ခွဲရမည်ဖြစ်သည်။ တောင်ယာစပါးကို ပိုမို လုပ်ကိုင်ကြသည်။ လယ်ယာမြေနှင့် တောင်ယာများရှိ မြေဆီဩဇာမှာ အသင့်အတင့် ကောင်းမွန်မှု ရှိသည်။ ဥယျာဉ်ခြံမြေများတွင် ငှက်ပျော၊ နာနတ်နှင့် လိမ္မော်ပင်များကို စိုက်ပျိုးကြသည်။ စီးပွားဖြစ်ရောင်းချခြင်းမျိုးမရှိဘဲ၊ စားဖို့သက်သက်သာ စိုက်ပျိုးကြကြောင်း သိရှိရသည်။ အနည်းငယ် ရောင်းချရပြီး၊ သီးနှံများ ပိုလျှံမှုရှိကြောင်း သိရှိရသည်။

(၁.၃.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/လက်လှမ်းမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ)	နည်း	ခက်
စသည့်		
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဖက်ဝင်အပင်များ)	သင့်	ခက်

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၂၁ -၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ပင်ချောင်းမှသဲများ ထုတ်လုပ်နိုင်သော်လည်း သယ်ယူပို့ဆောင်ရေး လမ်းကြောင်းမကောင်းသဖြင့် လိုအပ်မှသာသွားဖော်ကြသည်။ သမင်၊ ဂျီ၊ တောဝက်၊ တောင်ဆိတ်နှင့် မျောက်စသည့်တောကောင်များ ရှိနေသေးသည်။ ဝဋ္ဌနှင့် သစ်ခွပန်းစသည့် တန်ဖိုးရှိ တောထွက်ပစ္စည်းများ ရှိသေးသည်။

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်း ရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	တောင်ယာ (၅-၁၀)ဧက	တောင်ယာ (၂-၄)ဧက	အောက်တောင်ယ (၂)ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	ပျဉ်ကာ၊ပျဉ်ခင်း၊ သွပ်မိုး၊သံဖိနပ်	ပျဉ်ကာ၊ပျဉ်ခင်း၊ သွပ်မိုး	ဝါးကာ၊ပျဉ်ခင်း၊ သွပ်မိုး	ဝါးကာ၊ဝါး ခင်း၊သက် ကယ်မိုး
လုပ်ငန်းသုံး ကိရိယာ ပိုင်ဆိုင်မှု	လက်တွန်းထွန် စက်၊ဆန်စက်၊ ပေါက်တူး၊ပေါက် ပြား၊ဓား	ပေါက်တူး၊ပေါက် ပြား၊ဓား	ပေါက်တူး၊ပေါက် ပြား၊ဓား	ပေါက်တူး၊ ပေါက်ပြား၊ ဓား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်း ရဲသော အိမ်ထောင်စု
စီးပွားရေးလုပ်ငန်း	တောင်ယာကျပ်သိန်း(၂၀)	တောင်ယာကျပ်သိန်း(၁၅)	တောင်ယာကျပ်သိန်း(၁၀)	ကျပန်းကျပ်သိန်း(၆)
အခြားပိုင်ဆိုင်မှု	ဆိုင်ကယ်၊ဖုန်း၊တီဗွီ၊ဆိုလာ၊ဘက္ထရီ၊စလောင်း၊ရေဒီယို၊ကွဲ	ဆိုင်ကယ်၊ဖုန်း၊တီဗွီ၊ဆိုလာ၊ဘက္ထရီ၊ကွဲ	ဆိုလာ၊ဘက္ထရီ၊	-
ဝမ်းစာဖူလုံမှု	၁၂လ(A)	၈လ(B)	၆လ(C)	၃လအောက်(D)
အိမ်ထောင်စု(၄၈)	၁၀ (၂၀%)	၁၄ (၃၀%)	၁၂ (၂၅%)	၁၂ (၂၅%)

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ

(၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စုဇယား(၆) ဝမ်းစာဖူလုံမှု

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃လအောက်	၁	၃%	ဝယ်ယူခြင်း၊ချေးငှားခြင်း၊အကြွေးယူခြင်းဖြင့်ဖြေရှင်းကြသည်။
၃လနှင့် ၅လအထိ	၁၈	၆၀%	ဝယ်ယူခြင်း၊ချေးငှားခြင်း၊အကြွေးယူခြင်းဖြင့်ဖြေရှင်းကြသည်။
၆လမှ ၁၂လအထိ	၁၁	၃၇%	တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံခြင်းမရှိကြပေ။အများအားဖြင့်(၆-၇)လအထိသာ ချေးငှားခြင်းမပြုကြဘဲ၊ကျန်လများတွင် ပြောင်းဖူးကိုပြောင်းလဲ၍စားသုံးခြင်း၊ ချေးယူခြင်းနှင့်အကြွေးယူခြင်းဖြင့်ဖြေရှင်းကြသည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ဆင်းရဲသောအိမ်ထောင်စု (၁၅) စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု (၁၅)စုကို အခြေခံ၍ ဝမ်းစာဖူလုံမှုကို ကောက်ယူထားပြီး၊ တွက်ချက်ထားခြင်းဖြစ်သည်။

(၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အိုဖြစ်နှစ်နှင့်အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၈	၃	၁၁
မသန်စွမ်းသည့်ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ	၁	၅	၆
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	၉		
မုဆိုးဖို/တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	၆		
ဆင်းရဲသည့်အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ	-		

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ထိခိုက်လွယ်သော အိမ်ထောင်စုနှင့် ပတ်သက်၍ အသက်(၆၀)နှင့်အထက် ကျား(၈)ဦးနှင့် မ(၃) ဦး၊ စုစုပေါင်း (၁၁)ဦးရှိပါသည်။ ကျေးရွာတွင် မသန်စွမ်းသည့်ပုဂ္ဂိုလ် ကျား(၁)၊ မ(၅)ဦးနှင့် စုစုပေါင်း(၆)ဦးရှိပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၉)စုနှင့် မိုးဆိုးဖိုအိမ်ထောင်စု(၆)စု တို့မှာလည်း ထိခိုက်လွယ်သော ပုဂ္ဂိုလ်များဖြစ်ကြောင်း သိရှိရသည်။

၁.၅.၃။ ကျေးရွာရှိထိခိုက်လွယ်မှု

ဇယား (၈) ကျေးရွာရှိထိခိုက်လွယ်မှု

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	လယ်သမားများသည်ဝမ်းစာဖူလုံရန်အတွက်သာစိုက်ပျိုးကြပြီးစားသုံးရန်သိုလှောင်ထားကြသည်။လက်လုပ်လက်စားများအတွက်ဝမ်းစာမဖူမလုံမှုအနည်းငယ်ဖြစ်တတ်သည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေး.....)	နိမ့်	ရွှေ့ပြောင်းတောင်ယာစနစ်အသုံးပြုသော်လည်းရှစ်နှစ်မှာတစ်ခါအလှည့်ကျသည့်အတွက်ထိခိုက်လွယ်မှုနိမ့်သည်။လယ်မြေများအတွက်ပင်ချောင်းမှသွယ်ယူနိုင်သည်။တောတောင်များကျန်ရှိနေသေးသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား		ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	ရေကြီးခြင်း	နိမ့်	မရှိပါ။	
၄	မိုးခေါင်းခြင်း	နိမ့်	မရှိပါ။	
၅	မုန်တိုင်း	နိမ့်	မရှိပါ။	
၆	ငလျင်	နိမ့်	မရှိပါ။	
၇	မီးဘေး	နိမ့်	မရှိပါ။	
၈	ဆားငံရေဝင်မြေ	နိမ့်	မရှိပါ။	
၉	မြေပြိုခြင်း၊	လတ်	တောင်ပေါ်ဒေသဖြစ်သဖြင့်တောင်ယာမြေပြိုခြင်းနှင့်မိုးသည်းထန်စွာရွာသွန်းမှုများကြောင့်မြေဆီလွှာပျက်ယွင်းမှုများကြုံရတတ်သည်။	
၁၀	သစ်တောပြုန်းတီးခြင်း	လတ်	လွှဆွဲခြင်း၊ မှောင်ခိုသစ်ခုတ်ခြင်းများကြောင့် သစ်တောပြုန်းတီးမှုတဖြည်းဖြည်းများပြားလာသည်။	
၁၁	၄က်ဖျားရောဂါ	လတ်	ကလေးများတွင် ၄က်ဖျားရောဂါအဖြစ်များသည်။	
၁၂	တီဘီရောဂါ	နိမ့်	မရှိပါ။	
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	မရှိပါ။	
၁၄	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	နိမ့်	မရှိပါ။	
၁၅	လူကုန်ကူးခြင်း	နိမ့်	မရှိပါ။	
၁၆	ဝေးလံခေါင်းသီး/ လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်	ဖောက်လုပ်ထားသောကားလမ်းမှာမိုးရာသီ၌ခဏခဏမြေပြိုသဖြင့်ဆိုင်ကယ်များအတွက်ပင်သွားလာရခက်ခဲသည်။ လမ်းပန်းဆက်သွယ်ရေးလွန်စွာခက်ခဲသည်။	

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၂၁-၂၃၊ စက်တင်ဘာ၊ ၂၀၂၂)

၁.၅.၄။ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

ဇယား(၉) မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

စဉ်	အမျိုးအစား		ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	ပညာဆုံခန်းတိုင်အောင်မသင်ကြားကြရဘဲ ကျောင်းထွက်နှုန်းများခြင်းကြောင့်ထိခိုက်လွယ်မှုအလယ်အလတ်ရှိသည်။	

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	အမျိုးသမီးဦးဆောင်သည့်ဆင့်ရဲသည့်အိမ်ထောင်စု	မြင့်	အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ဝမ်းစာမဖူလုံမှုမြင့်မားကြသဖြင့်ထိခိုက်လွယ်မှုမြင့်မားကြသည်။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	နေ့စဉ်ဝင်ငွေ(သို့)ပုံမှန်ဝင်ငွေမရရှိကြသဖြင့် နာမကျန်းဖြစ်သည့်အခါမိသားစုထိခိုက်လွယ်သည်။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြားသောဒေသ	နိမ့်	မရှိပါ။
၅	မြစ်ကမ်းဘေးနေလူထု	နိမ့်	မရှိပါ။
၆	မတော်မဆမှုနိုင်ခြေများသောနေရာ (Prone to Accident)	နိမ့်	မရှိပါ။
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	မရှိပါ။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	မရှိပါ။
၉	ငါးကန်ပိုင်ရှင်	နိမ့်	မရှိပါ။
၁၀	လက်လုပ်လက်စားများကျပန်း	လတ်	လက်လုပ်လက်စားများအတွက်လုပ်ငန်းခွင်ခြုံမှုမရှိခြင်းနှင့်မရရှိခြင်းတို့ကြောင့် ထိခိုင်လွယ်မှုရှိကြသည်။
၁၁	လူနည်းစုလူမျိုးများ	နိမ့်	မရှိပါ။
၁၂	ဒေသတွင်းပဋိပက္ခဇရိယာ	နိမ့်	မရှိပါ။
၁၃	နယ်စပ်ဒေသ	နိမ့်	မရှိပါ။
၁၄	ရွှေတွင်းလုပ်သား	နိမ့်	မရှိပါ။
၁၅	ဆေးစွဲသူများ	နိမ့်	မရှိပါ။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	လတ်	ပြင်ပတွင်သွားရောက်လုပ်ကိုင်နေသူများသည်ကူးစက်ရောဂါရရှိမှုအလယ်တွင် ရှိနိုင်ပါသည်။
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	နိမ့်	မရှိပါ။
၁၈	ရွှေ့ပြောင်းလုပ်သားများ	လတ်	အခြားနိုင်ငံသို့သွားရောက်လုပ်ကိုင်သောရွှေ့ပြောင်းလုပ်သားများသည်ရက်ကျော်နေထိုင်ခြင်း၊အလုပ်ခွင်ပြုမိန့်ဗီဇာကျော်လွန်ခြင်းများကြောင့်ထိခိုက်နိုင်မှုရှိတတ်ပါသည်။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၉	ကားသမား	နိမ့်	မရှိပါ။(ကျေးရွာတွင်ကားသမားများ မရှိ)
၂၀			

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ခရစ်ယာန်ဂိုဏ်းပေါင်းစုံကော်မတီ။ ။ အသင်းတော်(၁)ပါးပါဝင်ပြီး စုပေါင်းဝတ်ပြုခြင်း၊ ဆုတောင်း ခြင်းစသည့်ဘာသာရေး ကိစ္စများကိုလုပ်ကိုင်ဆောင်ရွက်သည်။

လူငယ်အဖွဲ့ကော်မတီ။ ။ လူမှုကူညီရေး(နာရေးအဓိက)၊ကျေးရွာသန့်ရှင်းရေး၊ပွဲလမ်းသဘင်များ တွင်တေးဂီတအတီးအမှုတ်အဆိုတာဝန်ယူပေးခြင်းစသည်များဆောင်ရွက်သည်။ ကျေးရွာရှိလူငယ်အားလုံးပါဝင်သည်။ လူငယ်အဖွဲ့တွင် ကျား(၄)၊မ(၃နှင့်စုစုပေါင်း(၇)ဦးဖြင့်ဖွဲ့စည်းထားသည်။

ကျောင်းကော်မတီ။ ။ မိဘများနှင့်ဆရာ/မများကကျောင်းပရိဘောဂ၊အဆောက်အဦးပြုပြင်ခြင်း နှင့်ကျောင်းကိစ္စအဖြာဖြာဆောင်ရွက်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

မီးလင်းရေးကော်မတီ။ ။ကျေးရွာရေအားလျှပ်စစ်ပြုပြင်ထိန်းသိမ်းရေးနှင့်ရွာတွင်းမီးများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

မြေယာကော်မတီ။ ။ရွှေပြောင်းတောင်ယာစနစ်ကျင့်သုံးကြပြီးစိုက်ကွက်(Lopil=Collective Plot)ရှစ်ကွက်ရှိသည်။၎င်း(၈)ကွက်များကိုအလှည့်ကျစနစ်ဖြင့်ခုတ်ထွင်စိုက်ပျိုးခြင်းအတွက် အလှည့်များသတ်မှတ်ခြင်း၊မြေယာပြဿနာရှိသူများအတွက် ဖြေရှင်းပေးခြင်းများ ဆောင်ရွက်ကြသည်။

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

(၂.၁.၂) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်းပဖွဲ့အစည်းများ၏ အခြေအနေ
ဇယား(၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည် အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်	အဖွဲ့အစည်းအမျိုးအစား စား(၁/၂/၃/၄/၅/၆/၇)	အစီအစဉ်
၁	ကြက်ခြေနီ	၂	ကိုယ်ဝန်ဆောင်မိခင်များနှင့်ငါးနှစ်အောက်ကလေးများကာကွယ်ဆေးတိုက်ကျေခြင်းများလုပ်ဆောင်ပေးသည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂) ကြက်ခြေနီ။ ။ကိုယ်ဝန်ဆောင်မိခင်များနှင့်ငါးနှစ်အောက်ကလေးများကာကွယ်ဆေးတိုက်ကျေးခြင်းများအား ဆောက်ရွက်ပေးသည်။ ကျေးလက်ကျန်းမာရေးလုပ်သားတစ်ယောက်ရွာတွင် ရှိသည်။

မှတ်ချက်။
(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘဏ်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကယ်လ်အလိုက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၂) **စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊**
(၂.၂.၁) **စိုက်ပျိုးရေးသီးနှံ**
(၂.၂.၁.၁) **စိုက်ပျိုးရေးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု**

ဇယား(၁၂) စိုက်ပျိုးရေးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂	၂၅%	မြေယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ် တာထိ)	၈	၁၆.၇%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ - ၅ဧကထိ (နှစ်ဟတ်တာထိ)	၉	၁၈.၈%	တောင်သူငယ်
၄	၅ဧကမှ-၁၂.၅ဧကကြား (၂-၅ ဟတ်တာထိ)	၁၃	၂၇%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ဧကအထက်(၅ ဟတ်တာနှင့်အထက်)	၆	၁၂.၅%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၄၈**	**၁၀၀%**	

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

တောင်ယာမြေများမှာ မိသားစုဘိုးဘွားပိုင်ဆိုင်မှုကို လက်ဆင့်ကမ်းကြခြင်း ဖြစ်သည်။ မြေယာမဲ့တစ်ချို့အား တောင်သူကြီးများက မြေကွက်ငှားရမ်းလုပ်ကိုင်စေမှုများရှိသည်။ မြေသြဇာအသုံးပြုမှုမရှိသလောက်ဖြစ်သည်။ (၁၀)ဧကနှင့်အထက်ပိုင်ဆိုင်သော တောင်သူကြီး (၄)ဦး ရှိကြောင်းကျေးရွာတွင်တွေ့ရှိရသည်။ အများစုမှာ (၂-၅)ဧကကြားပိုင်ဆိုင်ကြသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိကရေအရင်းအမြစ်များမှာ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၃)အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှာ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	သောက်ဧက	ရရှိနိုင်မှု(တစ်နှစ်ပတ်လုံး/ ရာသီအလိုက်)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ဆည်မြောင်း	-	-	-
၅	အဝီစိတွင်း	-	-	-

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ကေ	ရရှိနိုင်မှု(တစ်နှစ်ပတ်လုံး/ ရာသီအလိုက်)
၆	လက်ငင်းရေတွင်း	-	-	-
၇	စိမ့်စမ်းရေ	-	-	-
၈	ချောင်းရေသွယ်ယူခြင်း	ပုဂ္ဂလိက	၄၀	ရာသီအလိုက်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

မိုးစပါးများအတွက်ပင်ချောင်းမှရေသွယ်ယူပြီး စိုက်ပျိုးကြသည်။ စုစုပေါင်းလယ်စပါးစိုက်ကေ(၄၀)ရှိပါသည်။ တောင်ယာစပါးများအတွက် မိုးရေကိုသာအဓိကအားထားကြသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၄)အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံထွက်မှု

သီးနှံမှတ်ချက်	ကေနှစ်	ယူဆုံး	အနည်းဆုံး	အများပျိုးသည့်ကာလ	ပျမ်းမျှလိုအပ်ချက်(နိမ့်)လတ်(မြင့်)	သီးနှံစိုက်ရရှိနိုင်မှု(နိမ့်)လတ်/(မြင့်)	သွင်းအားစုအမြတ်
တောင်ယာ	၁၅၅	ပုံး ၂၀	၄၀	၃၀	မတ်လမှစက်တင်ဘာ(၇လ)	နိမ့်	နိမ့်	လယ်လုပ်ငန်းထက်လုပ်အားလိုအပ်ချက်မြင့်မားသည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်(၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

လယ်စပါးတွင် တစ်ကေပျမ်းမျှအထွက်နှုန်းမှာ(၈၀)ပုံးဝန်းကျင်ထွက်ရှိပြီး၊ သွင်းအားစုလိုအပ်ချက်မှာ အလယ်အလတန်တွင်ရှိသည်။ လူငှားစရိတ်နှင့်ကျွဲငှားခမြင့်မားမှုကြောင့် အမြတ်ရရှိမှုနိမ့်ပါးကြသည်။ ၎င်းအပြင်ဒေသမျိုးစပါးများကိုသာ အဓိကစိုက်ပျိုးကြသဖြင့်၊ဈေးကောင်းမရရှိပေ။ တောင်ယာစပါးတွင်လယ်လုပ်ငန်းထက် လုပ်အားလိုအပ်ချက်မြင့်မာပြီး၊ တစ်ကေပျမ်းမျှအထွက်နှုန်းမှာ (၃၀)ပုံးဝန်းကျင်ထွက်ရှိကြောင်းသိရှိရသည်။ စပါး(၂)ပုံးတွင် တစ်တင်းရှိပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သော အိမ်ထောင်စုများ)

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/အခြေအနေ
ခြွေလှေ့စက်	-	-	-
ခြေနင်းရေတင်စက်	-	-	-
မျိုးစေ့ချစက်	-	-	-
မြက်ရိတ်စက်	-	-	-

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲ ဖြတ်ခြင်း မှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၂.၁.၅)သီးနှံထုတ်လုပ်မှုတိုးတတ်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်း များ

အခြေအနေ	**ရှိ/မရှိ**	**ဖော်ပြချက်/ရှင်းလင်းချက်**
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	လယ်မြေတိုးချဲ့ရန်မြေရိုင်းများကျန်ရှိနေသေးသည်။
ရေအရင်းအမြစ်	ရှိ	စိုက်ပျိုးရေးအားပင်ချောင်းမှရေသွယ်ယူနိုင်သည်။
သဘာဝမြေဆွေးသြဂဲနစ်	မရှိ	မရှိပါ။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	
ချေးငွေရရှိမှု	မရှိ	
သွင်းအားစုစျေးကွက်	မရှိ	
ဝန်ဆောင်မှုစျေးကွက်	မရှိ	
ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု	ရှိ	အနီးဆုံးစျေးကွက်မတူပီမြို့တွင်ထွက်ကုန်များအားရောင်းချကြသည်။
အခြား(၁)		
အခြား(၂)		
အခြား(၃)		

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်
ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်(၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ဝဋ္ဌစိုက်ပျိုးရေးသည် ဒေသနှင့်ကိုက်ညီမှုရှိသည်အပြင် တောင်သူအများစုကလည်း စိုက်ပျိုး ရန်စိတ်ဝင်စားမှုရှိသဖြင့် ဝဋ္ဌစိုက်ပျိုးရေးအတွက် နည်းပညာများနှင့် ငွေကြေးဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်းသည် အလွန်ဆီလျော်မှုရှိမည် ဖြစ်ပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ြပချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	မရှိ	မည်သည့်စိုက်ပျိုးရေးချေးငွေအစီအစဉ်မျှရဖူးခြင်းမရှိ။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	မတူပီမြို့မှာပင်စိုက်ပျိုးရေးဆေးဆိုင်မရှိခြင်း။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	စိုက်ပျိုးရေးနည်းပညာတတ်ကျွမ်းသူမရှိခြင်း။
ဆည်မြောင်းရေရရှိမှု	ရှိ	ဆည်မြောင်းရေရရှိမှုမရှိပါ။
မိုးရေလုံလောက်မှု	မရှိ	
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုမှု	ရှိ	မတူပီမြို့ပင်စိုက်ပျိုးရေးဆေးဆိုင်မရှိပါ။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	တောင်ယာစပါးများပိုးကျတတ်ခြင်း။
နည်းပညာအကူအညီနှင့်နည်းလမ်းများ	ရှိ	စိုက်ပျိုးရေးနည်းပညာတတ်ကျွမ်းသူမရှိခြင်း။
ဈေးကွက်လက်လှမ်းမှီမှု	ရှိ	မတူပီမြို့မှ(၈၉)မိုင် ကျော်ဝေးခြင်း။
အစိုးရမူဝါဒနှင့်စီမံချက်အထောက်အပံ့များ	မရှိ	
အခြား(၁)		
အခြား(၂)		

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်
ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်(၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၂.၂) မွေးမြူရေးနှင့်ငါးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးပိုင်ဆိုင်မှုနှင့် ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား(၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့် ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	-	-
မြင်း	၂	၂ကောင်

ကျွဲ	၇	၃၁ကောင်
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၁၂	၄၂ကောင်
ကြက်	၂၀	၉၃ကောင်
ဘဲ	-	-
နွားနောက်	၇	၇ကောင်
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ရေချိုငါးဖန်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-
ဂဏာန်းမွေးမြူရေးလုပ်ငန်း	-	-

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်
ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်(၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၂.၂.၂) မွေးမြူရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ ရေရရှိမှု	သီးခြားသတ်မှတ်ချက်မရှိ။
တိရစ္ဆာန်မျိုး	နွားနောက်မွေးမြူရေးဖြစ်ထွန်းနိုင်မည်။
ချေးငွေ	နွားနောက်မွေးမြူရေးအတွက်ချေးငွေရရှိနိုင်ပါကမိသားစုတိုင်းနီးပါးအတွက် အကျိုးရှိမည်ဖြစ်သည်။
သွင်းအားစုစျေးကွက်	မတူပီမြို့နယ်ရှိတိမွေးကုဋ္ဌာနမှ ဆေးဝါးများရရှိနိုင်သည်။

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်**
ဝန်ဆောင်မှုစျေးကွက်	မတူပီမြို့မွေးကုဋ္ဌာနမှဆေးဝါးများရရှိနိုင်သည်။
ထုတ်ကုန်ရောင်းဝယ်မှု	နွားနောက်စျေးကွက်မှာအလွန်ကျယ်ပြန့်သည်။တစ်ပြည်နယ်လုံးလွှမ်းခြုံသလောက်ရှိသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	တစ်ပိုင်တစ်နိုင်မွေးမြူရေးအတွက် အိမ်ခြံဝင်းမြေနေရာလုံလောက်မှုရှိသည်။

အခြား (၁)

အခြား (၂)

အခြား (၃)

ရည်ညွှန်း -ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

နွားနောက်မွေးမြူရေးလုပ်ငန်းသည် ဒေသနှင့်ကိုက်ညီမှုရှိပြီးဝင်ငွေ အများဆုံး ရရှိနိုင်သည့်လုပ်ငန်းဖြတ်သည်။ သုံးနှစ်သားနွားနောက်တစ်ကောင်လျှင် ကျပ်(၄)သိန်းနှင့် အထက်ရှိပါသည်။အမြင့်ဆုံးဈေးမှာနွားနောက်တစ်ကောင်လျှင်ကျပ်(၈)သိန်းအထိရှိနိုင်ပါသည်။ သို့သော် နွားနောက်များသည် နွားများကဲ့သို့ခြံလှောင်မွေးမြူ၍မရသော သဘောသဘာဝရှိသည်။ တောင်လာကျေးရွာတွင် ယာကွက်ရှစ်ကွက်ရှိသဖြင့် တောင်ယာမခုတ်သောအခြမ်းတွင် နွားနောက်များကိုလွတ်ကျောင်းစနစ်ဖြင့် မွေးမြူနိုင်ပါသည်။ နွားနောက်မွေးမြူရေးအတွက် ချေးငွေရရှိပါက တစ်အိမ်ထောင်(၃)ကောင်နှုန်း မွေးမြူနိုင်ကြမည်ဖြစ်သည်ဟု အုပ်စုလိုက် ဆွေးနွေးမှုမှသိရပါသည်။

(၂.၂.၃.၃) အသား/ငါးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသည့် ပြဿနာများ

ဇယား(၂၀)အသား/ငါးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသည့် ပြဿနာများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ချပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ကူးစက်ရောဂါဖြစ်ပွားမှုများရှိသည်။	ခွာနာလျာနာ၊ ကျွဲသားပေါက်အအေးမိ၊ ကြက်နာကျ
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	မွေးမြူရေးဗဟုသုတနှင့်နည်းပညာသိနားလည်မှုနည်းပါးမှုကြောင့် ကာကွယ်ဆေးများထိုးနှံသည့်အလေ့အထမရှိသည်ကိုတွေ့ရသည်။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု	မရှိပါ။

ပြဿနာနှင့်အခက်အခဲစိန်းခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	မရှိပါ။
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	မရှိပါ။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ငွေရလုပ်ငန်းများ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ငွေရလုပ်ငန်းများ အမျိုးအစားများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအအတွက်	ဝန်ထမ်း/အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရည်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)နှင့်ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး	၁	၂	၁	ဝင်ငွေရရှိမှုနိမ့်သည်။ (ဆိုင်ကယ်ပြုပြင်သည့်လုပ်ငန်းလုပ်ကိုင်သည်။ အပိုပစ္စည်းများစုံလင်စွာတွဲရောင်းနိုင်လျှင်တွက်ခြေပိုကိုက်သည်။
၆	ကျွမ်းကျင်ပညာရှင်းများ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာသင်တန်းပေးသူ)				
၇	လက်လီ - လက်ကားရောင်း	၃	၃		အကြွေးယူသူများပြီးအရင်းအနှီနည်းနည်းပါးခြင်းကြောင့်စီးပွားတွက်ခြေကိုက်မှုအလယ်အလတ်ဖြစ်သည်။
၈	ဟိုတယ်နှင့်စာသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး				

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအအတွက်	ဝန်ထမ်း/အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရည်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)နှင့်ရှင်းလင်းဖော်ပြချက်
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်နိုင်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)	၆		လစာပုံမှန်ဝင်ငွေရရှိခြင်းကြောင့်စီးပွားရေးတွက်ခြေကိုက်မှုအလတ်ရှိကြသည်။	

၁၃	ပညာရေး	၂	လစာပုံမှန်ဝင်ငွေရရှိခြင်းကြောင့်စီးပွားရေးတွက်ခြေကိုက်မှုအလတ်ရှိကြသည်။
၁၄	ကျန်းမာရေး		
၁၅	လူမှုရေးလုပ်ငန်းများ		
၁၆	အခြားကိုယ်တိုင်လုပ်ငန်းရှင်းများ (၂၁ အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)		နေ့စဉ်ပုံမှန်လုပ်ရန်အလုပ်မရှိသောကြောင့်ဝင်ငွေရရှိမှုနိမ့်သည်။
၁၇	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ ဘ		

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်များ (၁၉-၂၃၊ဒီဇင်ဘာလ၊၂၀၂၂)

(၂.၂.၂.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

အခွင့်အလမ်းများ	**ပြဿနာနှင့်အခက်အခက်များ**
ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုစိတ်ဝင်စားမှုရှိကြသည်။	နည်းပညာနှင့်လုပ်ငန်းအတွေ့အကြုံနည်းပါးကြခြင်း။
သစ်သီဝံလံပေါများသောဒေသဖြစ်၍သစ်သီဖျော်ရည်နှင့်ယိုလုပ်ငန်းများလုပ်ကိုင်နိုင်သည်။ (သရက်၊သံပုရာနှင့်အခြား)	ယိုနှင့်ဖျော်ရည်လုပ်ငန်းများလုပ်ကိုင်နိုင်သော်လည်းကြာရှည်ခံအောင်ထားသိုသည့်နည်းပညာမသိကြခြင်း။
အလုပ်လုပ်နိုင်သောလူများကျေးရွာတွင်ရှိသည်။	ထုတ်ကုန်လုပ်ငန်းများထည်ထောင်နိုင်ရန်ငွေကြေးဝန်ဆောင်မှုမရရှိကြခြင်း။စိုက်ပျိုးရေးသက်ဆိုင်သောလုပ်ငန်းများသာအဓိကလုပ်ကိုင်နေကြခြင်း။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်များ (၁၉-၂၃၊ဒီဇင်ဘာလ၊၂၀၂၂)

(၂.၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဈေးကွက်လက်လှမ်းမှီမှု	**အနီးဆုံးဈေး**	**အကြီးဆုံးဈေးကွက်**
ရွာမှအကွာအဝေး(ကီလိုမီတာ)	မတူပီမြို့(၉၉)မိုင်	မတူပီမြို့(၉၉)မိုင်
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်၎င်း၏အထောက်အပံ့များ	ကားလမ်း၊မြေသားလမ်း၊ ကိုအဓိကအသုံးပြုကြသည်။ ပွင့်လင်းရာသီ၌သာကောင်းသည်။	ကားလမ်း၊မြေသားလမ်း၊ဆိုင်ကယ်ကိုအဓိကအသုံးပြုကြသည်။ ပွင့်လင်းရာသီ၌သာကောင်းသည်။

ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်ပေးနိုင်မှု	ကုန်မျိုးစုံ	ကုန်မျိုးစုံ
ဈေးအခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှု	ညံ့သီးနှံများအတွက်နေ့တစ်ပိုင်းဈေး။	ညံ့သီးနှံများအတွက်နေ့တစ်ပိုင်းဈေး။

ရည်ညွှန်း – ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

မတူပီမြို့၌ဈေးမရှိပါ။ ဟင်းသီးဟင်းရွက်ရောင်းသော ဆိုင်များသာရှိပြီး၊ အိမ်ဆိုင်များသာဖြစ်ကြသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းအားမိမိအိမ်၌သာ ရောင်းချကြသည်။ ထွက်ရှိသော သီးနှံများအား မတူပီမြို့သို့ရောင်းချသော်လည်း၊ အဓိကအားဖြင့် ပခုက္ကူမြို့သို့ တစ်ဆင့်ပြန်လည်ရောင်း ချကြောင်း သိရှိရသည်။ မတူပီမြို့မှရရှိသော ကုန်စည်အမျိုးအစားအားလုံးမှာ အခုက္ကူမြို့မှတစ် ဆင့်တင်သွင်းရသော ပစ္စည်းများသာဖြစ်ကြသည်။

(၂.၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
အစိုးရဘဏ်	–	–	–	–	–
ပုဂ္ဂလိကဘဏ်	–	–	–	–	–
ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ					
အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ်(SRG)	စု/ချေး	တစ်နှစ်	၃%	မလို	ခက် (အဖွဲ့ဝင်များသာချေးခွင့်ရှိ)
ငွေချေးပေးသူ	–	–	–	–	–
အပေါင်ဆိုင်	–	–	–	–	–
မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	နှစ်ဦးသဘောတူ	၄-၅%	မလိုအပ်	ခက်ခဲ

ရည်ညွှန်း – ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ဒီဇင်ဘာလ၊၂၀၂၂)

ငွေကြေးဆိုင်ရာဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ ယူအင်ဒီပီမှထောက်ပံ့ခဲ့သော ချေးငွေဖြင့်လည်ပတ်နေသော အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ်သာ ကျေးရွာတွင်ရှိပါသည်။ မြန်မာ့စိုက်ပျိုးရေးဘဏ်သည် မတူပီမြို့တွင်မရှိခြင်းကြောင့် စိုက်ပျိုးရေးချေးငွေများရရှိခြင်းမရှိပါ။ ရံဖန်ရံခါမိတ်နှင့်ဆွေမျိုးများထံမှ နှစ်ဦးသဘောတူချေးယူမှုများသာ ရှိတတ်ကြပါသည်။

(၂.၅) သဘာဝဘေးအန္တရာယ်လျော့ချခြင်းအပါအဝင် ပတ်ဝန်းကျင်နှင့် ဘဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

(၂.၅.၁) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
အပင်မျိုးစိတ်များ	လတ်	ချိန်ဆော(Chain-Saw)သစ်ဖြတ်လွှတစ်မျိုးအသုံးပြုပြီးမှောင်ခိုသစ်ထုတ်လုပ်မှုရှိနေခြင်းနှင့်အတူအခြားအပင်မျိုးစိတ်များပါရှားပါးလာပါသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	နိမ့်	စပါးတွင်တစ်ခါတစ်ရံလောင်းမီးပိုးကျရောက်တတ်သည်။ မည်သည့်ပိုးသတ်ဆေးမျှသုံးစွဲမှုမရှိကြပါ။
ရေအရင်းအမြစ်ငါးမျိုးကွဲများ	နိမ့် လတ်	ကားလမ်းဖောက်လုပ်ခြင်းမှထွက်လာသောမြေသားများမြစ်ချောင်းများထဲတွင်စွန့်ပစ်ကြသဖြင့်ငါးများပြောင်းရွှေ့ကုန်ခြင်းကြောင့်ငါးမျိုးကွဲများရှားပါးလာသည်။
အခြားတိရစ္ဆာန်မျိုးကွဲများ	လတ်	သစ်တောပြန်းတီးမှုးကြောင့်ကျက်စားရာနေနေရာနည်းပါးလာခြင်း၊ တောလိုက်ခြင်းများကြောင့်တိရစ္ဆာန်မျိုးကွဲများရှားပါးလာသည်။
စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	လတ်	ပလပ်စတစ်နှင့်အခြားစွန့်ပစ်ပစ္စည်းများကိုစနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့်ချောင်းများတွင်အမှိုက်များပြန့်ကျဲနေတတ်ပါသည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ဒီဇင်ဘာလ၊၂၀၂၂)

(၂.၅.၂) သဘာဝဘေးန္တရာယ်လျော့ချခြင်း

ဇယား(၂၆)သဘာဝလေးအန္တရာယ်လျော့ချခြင်း

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ(နည်း/လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျော့ချရေးအလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း မီးဘေး တောမီးလောင်ကျွမ်းမှု မီးတားလမ်းများပြု	နည်း လတ် ရှိတတ်သည်။		

မုန်တိုင်း	နည်း	
မိုင်းခေါင်ခြင်း	နည်း	
အအေးလှိုင်း	နည်း	
တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု	လတ်	ကျွဲနွားများတွင်ခွာနာ မရှိပါ။ လျှာနာနှင့်ကျွဲအကောင်ငယ်များတွင်အအေးမိရောဂါများဖြစ်သည်။
လူရောဂါဖြစ်ပွါးမှု	လတ်	လူရောဂါဖြစ်ပွားမှုတွင် ခြင်ထောင်ထောင်အိပ်ခြင်းဌက်ဖျားရောဂါဖြစ်မှု ဖြင့်ကာကွယ်သည်။ ကျန်ရှိသေးသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၉-၂၃၊ဒီဇင်ဘာလ၊၂၀၂၂)

(၂.၆) ပညာရေးနှင့်စာတတ်မြောက်မှု

ဇယား(၂၇)စာတတ်မြောက်မှု

ပညာရေး	ကျား	မ	ပေါင်း	၅နှစ်နှင့်အထက် ကျောင်းနေလူဦးရေ၏%
လုံးဝကျောင်းမနေသူများ	၄၀	၄၂	၈၂	၃၅.၁%
ဘာသာရေးအခြေပြုပညာရေး	-	-	-	-
မူလတန်းပညာရေးပြီးဆုံးသူများ	၂၀	၂၁	၄၁	၁၇.၆%
အလယ်တန်းပညာရေး ပြီးဆုံးသူများ	၂၉	၂၇	၅၆	၂၄%
အထက်တန်းပညာရေး				
ပြီးစီးပြီးဆုံးသူများ	၁၇	၂၆	၄၃	၁၈.၄%
တက္ကသိုလ်ပညာရေးပြီးဆုံးသူများ	၆	၅	၁၁	၄.၇%
၅နှစ်အထက်လူဦးရေပေါင်း	၁၁၂	၁၂၁	၂၃၃	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၆.၂) ကျောင်းအပ်နှံ

ဇယား(၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦး၏ %
မူလတန်း(၅-၉နှစ်)	၁၈	၃၃	၅၁	၁၀၆%
အလယ်တန်း(၁၀-၁၄နှစ်ကြား)	၂၀	၁၈	၃၈	၇၃ %
အထက်တန်း(၁၅-၁၆)နှစ်ကြား	၉	၂၆	၃၅	
တက္ကသိုလ်ကျောင်းသူ/သား	၆	၅	၁၁	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

မူလတန်းကျောင်းတက်နှုန်း၁၀၀ရာခိုင်နှုန်းကျော်ရခြင်းမှာ(၉)နှစ်အထက်ကလေးများမူလတန်းအဆင့်တွင် ပညာသင်ကြားနေကြခြင်းကြောင့်ဖြစ်သည်။ မူလတန်းကျောင်းတက်နှုန်းမြင့်မားသော်လည်းအလယ်တန်းအဆင့်တွင်ကျောင်းထွက်နှုန်းမှာ (၂၇%) ရှိပါသည်။ ဤသို့အလယ်တန်း အဆင့်ကျောင်းထွက်ရသည့်အကြောင်းတစ်ချို့မှာ မိသားစုဝမ်းစာမဖူလုံမှုရှိခြင်း၊ ဝင်ငွေနည်းပါး ခြင်းများကြောင့် လုပ်ငန်းခွင်သို့စောစီးစွာရောက်သွားကြသည်။

(၂.၆.၃) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း(ခ)
ရွာမှအကွာအဝေး(ကီလိုမီတာ)		ရွာတွင်(၂ဖာလုံ)
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု		ခြေလျင်
စာသင်ကျောင်းအရွယ်အစား(အလျား၊အနံ)		၈၀×၂၅×၉
အမြင့်)		၄၀×၂၅×၉
အိုး၊ နံရံ၊ အခင်းအရည်အသွေး		ပျဉ်ခင်း၊ပျဉ်ကာ၊သွပ်မိုး
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)		မရှိ

ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်				၈	၃	၁၁
ကျေးရွာခန့်				-	-	-
စုစုပေါင်း ကျောင်းဆရာဦးရေ						၁၁

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၆.၄)ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၀)ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မဦးရေ	၁၁ဦး
မူလတန်းပညာကျောင်းထွက်နှုန်း	မရှိပါ။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိပါ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	ကျောင်းသုံးပုံနှိပ်စာအုပ်များကို အစိုးရမှထောက်ပံ့ သော်လည်းအခြားလိုအပ်သောစာရေးကိရိယာများ ကိုဝယ်ယူရသည်။
ဆင်းရဲသောမိသားစုများအတွက်	အလယ်တန်းအဆင့်တွင် ကျောင်းစရိတ်မြင့်မားခြင်း ဝင်ငွေမရှိခြင်းများကြောင့်ကလေးများအားကျောင်း ထားရန်မတတ်နိုင်ကြပါ။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကျောင်းဆရာမလုံလောက်မှုအတွက်ဆရာမဌားရမ်း ပေးခြင်း၊ ကျောင်းသုံးပရိဘောဂပြုပြင်ပေးခြင်း စသည့်များဆောင်ရွက်သည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၇) ကျန်းမာရေးနှင့်အာဟာရ

(၂.၇၁) အဖြစ်များသောအရောဂါ

ဇယား(၃၁)အဖြစ်များသောရောဂါ

၁.ဝမ်းပျက်ဝမ်းလျော ၂.ငှက်ဖျား ၃. ၄.

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ဝက်များကိုရွာထဲတွင် လွှတ်ထားသဖြင့် ဝမ်းပျက်ဝမ်းလျောရောဂါကလေးများတွင် အဖြစ်များသည်။ ငှက်ဖျားရောဂါသည်လည်း ကလေးသူငယ်များတွင်အဖြစ်များလေ့ရှိသည်။ တစ်ကိုယ်ရည်သန့်ရှင်းမှုအားနည်းခြင်းနှင့် ခြင်ထောင်ထောင်အိပ်လေ့မရှိခြင်းကြောင့် ဖြစ်သည်ဟုယူဆကြသည်။

(၂.၇.၂) ကျန်းမာရေးအထောက်ပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား(၃၂)ကျန်းမာရေးအထောက်ပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး(ကီလိုမီတာ)	အခန်း/ကုတင်(လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေးဝန်းထမ်းဦးရေ	ဆေးနှင့်ပတ်သက်သာအသုံးအဆောင်ပစ္စည်းမှတ်ချက်များ(လုံလောက်မှု/မလုံလောက်မှု)
ကျေးလက်ကျန်းမာရေးဌာန(တီဆီးကျေးရွာ)	၄မိုင်	လုံလောက်မှုမရှိ	ဆရာဝန်....မရှိ သူနာပြု.... မရှိသားဖွားဆရာမ.....၁ ကျန်းမာရေးလုပ်သား မရှိ	လုံလောက်မှုမရှိ
ဆေးရုံ(မတူပီ)(၅၀)မိုင်			ဆရာဝန် ..... သူနာပြု ..... သားဖွားဆရာမ	လုံလောက်မှုရှိ
ဆေးဆိုင်(တီဆီးကျေးရွာ ၁၀မိုင်)			ကျန်းမာရေးလုပ်သား ဆေးဝါးကျွမ်းကျင်သူ	လက်လှမ်းမှီမှု ဆေးဝါး..... သိုလှောင်ပုံစနစ်..... အဆေးခန်းစနစ်

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၈) သောက်သုံးရေနှင့်သန့်ရှင်းရေးအခြေအနေ

(၂.၈.၁) သောက်သုံးရေရရှိမှု

ဇယား(၃) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆုံး	လက်ရှိလုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	-					
အဝီစီတွင်း	-					
အဝီစီတွင်း	-					
စက်တွင်း	-					

ကန်(ဘာကန်လဲ)	၃	ကောင်း	မလုံလောက်	လုံလောက်	လုံလောက်	
မြစ်/ချောင်း	-					
မိုးရေသိုလှောင်ကန်	-					
စိမ့်စမ်းရေသွယ်တန်းခြင်း	၂	ကောင်း	မလုံလောက်	လုံလောက်	လုံလောက်	

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

သောက်သုံးရေနှင့်ပတ်သက်၍ အဓိကအားဖြင့် စိမ့်စမ်းရေကိုသာ သောက်သုံးကြကြောင်း တွေ့ရှိရပါသည်။ စိမ့်စမ်းရေအား ပိုက်ဖြင့်သွယ်တန်းပြုလုပ်ပြီး၊ အုတ်ကန်ဖြင့် သိုလှောင် အသုံးပြုကြသည်။ တစ်ချို့အိမ်ထောင်စုများမှာ ကိုယ်တိုင်ပိုက်သွယ်တန်းပြုလုပ်ပြီး သောက်သုံးရေရရှိအောင် ပြုလုပ်ကြသည်။ ပုံမှန်အားဖြင့် သောက်သုံးရေမှာ လုံလောက်လေ့ရှိပြီး၊ တစ်ချို့နှစ်များတွင် နွေရာသီ၌မလုံလောက်မှု အနည်းငယ်ရှိတတ်သည်။ အနီးရှိချောင်းများမှ သွားရောက်ခပ်ယူခြင်းဖြင့် ဖြေရှင်းကြသည်။

(၂.၈.၂)သန့်ရှင်းရေးအခြေအနေ(အိမ်သားအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၃၈	အသင့်အတင့်သာကောင်းမွန်သည်။
ကျင်းအိမ်သာ	၆	ဆင်းရဲသားအိမ်ထောင်စုများဖြစ်သည်။
တောထိုင်	၄	အလွန်ဆင်းရဲသောအိမ်ထောင်စုများဖြစ်သည်။
စုစုပေါင်း	၄၈	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ယင်လုံအိမ်သာသုံးစွဲမှုနှင့် ပတ်သက်၍ ကျေးရွာ အိမ်ထောင်စု၏ (၄၈) ရာခိုင်နှုန်း ယင်လုံအိမ်သာ သုံးစွဲကြောင်း တွေ့ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု အနည်းငယ်မျှသာ ယင်လုံအိမ်သာ သုံးစွဲမှု မရှိကြောင်း တွေ့ရှိရပါသည်။

(၂.၉) လမ်းတံတား တည်ရှိမှု

၂.၉.၁ ။ ကျေးရွာများတွင် လမ်းတံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား ၁၊၂၃	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်း ရာသီ	တစ်နှစ် ပတ်လုံး	

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

တောင်လာရွာသည် မတူပီနှင့် လိုင်လင်းဝိကြား ရွာမနှင့် ၁၆မိုင် တွင် တည်ရှိပါသည်။ ရွာမနှင့် တောင်လာကြားသည် ဆိုင်ကယ်ဖြင့်သာ သွားလာနိုင်ပါသည်။ ပွင့်လင်းရွာသီတွင်သာလျှင် ကားဝင်ရောက်နိုင်သော်လည်း လမ်းမကောင်းသောကြောင့် သွားလာရန် ခက်ခဲပါသည်။

၁။ မြေသားလမ်း ၂။ ကတ္တရာ ၃။ ကျောက်ခင်းလမ်း

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့ သော နှစ်	အသုံးပြုနိုင်သည့် ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများ ကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းများ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ဘာကီချောင်း၏ ပျဉ်(ထင်းတစ်မျိုးတည်းသာ)ဆောက်လုပ်သော တံတားသည် အခြားရွာနှင့် ရွာချင်းဆက် တံတားသည်သာမက စားသုံးကုန် သွယ်ယူပို့ဆောင်ရေး အများဆုံးသုံးသော တံတားဖြစ်ပါသည်။ ထို တံတားသည် သံကြိုးတံတား သို့မဟုတ် အခြား တစ်မျိုးမျိုးဖြင့် ဆောက်လုပ်နိုင်ရန် ကြိုးစားနေသော်လည်း မဆောက်လုပ်နိုင်သေးကြောင်း တွေ့ရပါသည်။

(၂.၉.၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား(၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်း	တစ်နှစ်ပတ်လုံး

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်စစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

၁။ လှေ၊ သမ္ဘာန် ၂။ မော်တော် ၃။ သင်းဘော

(၂.၉.၃) သယ်ယူပို့ဆောင်ရေး ယာဉ်များ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေး ယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေသမ္ဘာန်	ဆိုင်ကယ်	မော်တော်ဆိုင်ကယ်	သုံးဘီးထော်လာကျီ	ဘတ်စ်ကား	လှေ	မြင်းလှည်း
အရေအတွက်								

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်စစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ မော်တော်ဆိုင်ကယ်များသာ အဓိကအားထား အသုံးပြုကြကြောင်းသိရှိရသည်။ ပိုးရာသီ၌ မော်တော်ဆိုင်ကယ်ဖြင့် သာ သွားလာနိုင်သည်။ ကျေးရွာ၌ မော်တော်ဆိုင်ကယ် စုစုပေါင်း(၃၀)စီးရှိပါသည်။

(၂.၁၀) လျှပ်စစ် မီးရှိမှု

ဇယား(၃၈) လျှပ်စစ်မီး ရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့	အခက်အခဲရှိ/မရှိ
မဟာဓါတ်အားလိုင်			
ဆိုလာစနစ်			
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ကျီ			
လေစွမ်းအား			
ဇီဝလောင်စာ			

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်စစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ကျေးရွာပိုင် အသေးစား ရေအားလျှပ်စစ် သွယ်ယူသော ရေစုကန်၊ ရေပိုက်လမ်းကြောင်းများသည် ၂၀၂၂ခုနှစ်၊ ပိုးရာသီအတွင်း၌ ပြိုကျ ပျက်စီးပြီး ပြန်လည်ပြုပြင်နိုင်ခြင်းမရှိသေးပါ။ မီးကြိုးများနှင့် ရွာတွင်းမီးသွယ်ယူမှုစနစ်မှာ ပြန်လည်ပြုပြင်ပြီး၊ အသုံးပြုရန် အသင့်ရှိသည်ကို လည်းတွေ့ရပါသည်။ ယခုအခါ ဆိုလာစနစ်ကိုသာ အသုံးပြုနေကြပြီး၊ ဆိုလာအလုံးရေပေါင်း(၄၀)လုံးရှိကြောင်း အခြေခံသတင်းအချက် ကောက်ယူမှုမှ တစ်ဆင့် သိရှိရပါသည်။

(၂.၁၁) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့် ဂျာနယ်	အခြား
အရေအတွက်						

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်စစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်MPT အား ရံဖန်ရံခါများတွင် အသုံးပြုနိုင်ပါသည်။ မတူပီမြို့ပေါ်၌ပင်ဆက်သွယ်ရေးမှာ လွန်စွာညံ့ဖျင်းကြောင်းသိရှိရပါသည်။ တယ်လီဖုန်း (၃၀)လုံးရှိသည်ဆိုသော်လည်း၊ ဆက်သွယ်ရေး အပိုင်တွင် ခက်ခဲမှုများစွာရှိသေးကြောင်း တွေ့ရပါသည်။

(၂.၁၂) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား(၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

လုပ်ငန်း	ရှိ/မရှိ	ဝန်ဆောင်မှု
အပန်ဖြေနိုင်သည့်နေရာများ အား လက်လှမ်းမှီမှု	မရှိ	အပန်းဖြေနိုင်သည့် နေရာများဖြစ်သော ဟာသပြဇာတ်၊ဗွီဒီယိုများအား လက်လှမ်းမမှီပါ
လူမှုရေးလုပ်ငန်းတွင် ပါဝင်မှု	မရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများဖြစ်သော အစားအသောက် ပြင်ဆင်ခြင်း, ဧည့်ကြို လုပ်ပေးခြင်းများတါင် ပါဝင်ကြသည်။
ဘာသာရေး လုပ်ငန်းတွင် ပါဝင်မှု	မရှိ	သီချင်းဆိုခြင်း၊အတီးအမှုတ်များပြုလုပ်ခြင်း ဖြင့် ဘာသာရေးပွဲများတွင် ပါဝင်ကြသည်။
အားကစားအဆောင်အယောင်များအား လက်လှမ်းမီမှု	မရှိ	ကျေးရွာအားကစားကွင်း တစ်ကွင်းရှိသည်။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု		ကျေးရွာ အဖွဲ့အစည်းများတွင် ကိုယ်စားလှယ် အဖြစ်၄ွင်း၊ကြက်ခြေနီစေတနာကျိုး ဆောင်များအဖြစ် ၄ွင်းပါဝင်ကြသည်
ရိုးရာယဉ်ကျေးမှုထိန်း သိမ်းရေး		အားနည်း
စာကြည့်တိုက်၊ အင်တာနက် စသည်များအား လက်လှမ်းမှီမှု		မရှိပါ

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်စစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၁၃) ကျေးရွာ ဘေးကင်းလုံခြုံမှု အခြေအနေ

(၂.၁၃.၁) ဘေးကင်လုံခြုံရေး၊ ဝန်ဆောင်မှု၊ အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား(၄၁) ဘေးကင်လုံခြုံရေး၊ ဝန်ဆောင်မှု၊ အထောက်အကူများအား လက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီနိုင်မှု		
အာမခံ လုပ်ငန်းများအား လက်လှမ်း မှီနိုင်မှု		ကျန်းမာရေးအာမခံ၊ အသက်အာမခံ လက်လှမ်းမမှီနိုင်ပါ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီစဉ်		
ရဲစခန်းများအား လက်လှမ်းမှီနိုင်မှု		

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်စစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

(၂.၁၃.၂) မှုခင်းဖြစ်ပွားမှု

ဇယား(၄၂) မှုခင်းဖြစ်ပွားမှု

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု

ရည်ညွှန်း- ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်စစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ (၁၉-၂၃၊ ဒီဇင်ဘာလ၊ ၂၀၂၂)

ကျေးရွာဖွံ့ဖြိုးရေး အတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေနေကောင်းများ

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၁။ စိုက်ပျိုးရေး (သီးနှံ *စိုက်ပျိုးရေး ရရှိမှု *ဥယျာဉ်ခြံနှင့်တောင်ယာစိုက်ပျိုးနိုင်မှု	မိုးရွာသီတွင် ချောင်းရေများကို သွယ်ယူပြီးလယ်စပါးကို စိုက်ပျိုးကြသည်။ စိုက်ပျိုးမြေကို ရွှေ့ပြောင်းတောင်ယာနှင့် လယ်မြေဟူ၍ အဓိကနှစ်မျိုးခွဲရမည်ဖြစ်သည်။ တောင်ယာစပါးကိုပိုမိုလုပ်ကိုင်ကြသည်။ လယ်မြေနှင့် တောင်ယာများရှိမြေဆီသြဇာမှာ အသင့်အတင့်ကောင်းမွန်မှု ရှိသည်။ ဥယျာဉ်ခြံ မြေများတွင် ငှက်ပျော၊နာနတ်၊သရက်နှင့် လိမ္မော်ပင်များကို စိုက်ပျိုးကြသည်။ စီးပွားဖြစ်ရောင်းချခြင်းမျိုး မရှိဘဲ၊ စားဖို့ သက်သက် သာ စိုက်ပျိုးကြကြောင်း သိရှိသည်။ အဓိကအားဖြင့် လယ်စပါးနှင့်တောင်ယာစပါးနှစ်မျိုးကိုသာ စိုက်ပျိုးကြပြီး ဝမ်းစာအတွက်သာ သိုလှောင်ထားကြသည်။
၂။ မွေးမြူရေး *နွားနောက်မွေးမြူရေး	နွားနောက်မွေးမြူရေးသည် ရေမြေဒေသနှင့် ကိုက်ညီမှုရှိသော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ လွတ်ကျောင်းရန်စား ကျက်များရှိပြီး၊ တိရစ္ဆာန်အစာများပြားစွာရှိနိုင်သည်။ သို့သော် မိသားစု တိုင်းမွေးမြူရန် မတတ်နိုင်ကြပေ။
၃။ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ *စားသုံးကုန်ချော်ထုတ်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် သစ်သီးဝလံများထွက်ခြင်း	သစ်သီးဝလံပေါများသော ဒေသဖြစ်၍ သစ်သီးဖော်ရည်နှင့် ယိုလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ တန်ဖိုးမြှင့်ထုတ်ကုန်များနှင့် အထားခံ သစ်သီးယိုများပြုလုပ်နိုင်ပါက ဝင်ငွေတစ်ဖက်တစ်လမ်းမှရရှိနိုင်သည်။ (သရက်၊ သံပုရာနှင့် အခြား)အလုပ်လုပ်နိုင်သော အသက်အရွယ်များကျေးရွာတွင် အများအပြားရှိပါသည်။
၄။ ကျန်းမာရေး၊သောက်သုံးရေ *သောက်သုံးရေ	သောက်သုံးရေနှင့် ပတ်သက်၍ အဓိကအားဖြင့် စိမ့်စမ်းရေကို သောက်သုံးကြကြောင်းတွေ့ရှိရသည်။ စိမ့်စမ်းရေအားပိုက်ဖြင့် သွယ်တန်းပြုလုပ်ပြီး၊ အုတ်ကန်သိုလှောင်အသုံးပြုကြသည်။ တစ်ချို့အိမ်ထောင်စုများမှာ ကိုယ်တိုင်ပိုက်သွယ်တန်းပြုလုပ်ပြီး သောက်သုံးရေရရှိအောင် ပြုလုပ်ကြသည်။
၅။ လူငယ်၊ယဉ်ကျေးမှု၊အားကစား *လူငယ်များမှာ ဘာသာရေး၊ဂီတ၊ အားကစားများလှုပ်ရှားလျက်ရှိခြင်း ၊ကျေးရွာလူမှုရေးကိစ္စများတွင်ပါဝင်ဆောင်ရွက်ခြင်း	ကျေးရွာတွင်း အားကစားကွင်းနှစ်ခုရှိပြီး၊ လူငယ်များဘောလုံးကားခြင်းများပြုလုပ်ကြသည်။ လူငယ်များ ဘာသာ ရေးပွဲများနှင့် ဘုရားကျောင်းများတွင် သီချင်းဆိုခြင်း၊ ကပြခြင်းများဖြင့် တက်ကြွပါဝင်လှုပ်ရှားကြသည်။

ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၁။ စိုက်ပျိုးရေး(သီးနှံ) *ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုမရှိခြင်း	စိုက်ပျိုး သီးနှံနှင့် ပတ်သက်၍ စိုက်ပျိုး စရိတ်ချေးငွေများ လက်လှမ်းမီမှု မရှိကြပေ။ ၎င်းအပြင် လိုအပ်သော စိုက်ပျိုးရေး နည်းပညာရရှိမှုမှာလည်း ခက်ခဲမှု ရှိပါသည်။
၂။ မွေးမြူရေး *မွေးမြူရေးဆိုင်ရာ နည်းပညာနှင့် ဗဟုသုတ	ခွာနာလျာ၊ကျွဲသားပေါက်အအေးမိ၊ကြွက်နာကျများရှိသည်။ တိရိစ္ဆာန်ကုဗဟုသုတနှင့် နည်းပညာသိနားလည်မှုနည်းပါးမှုကြောင့် ကာကွယ်ဆေးထိုးနှံသည့် အလေ့ထားမရှိတာလည်းတွေ့ရသည်။
၃။ စိုက်ပျိုးရေး အဟုတ်သော စီးပွားရေးလုပ်ငန်းများ *ထုတ်လုပ်မှုဆိုင်ရာ နည်းပညာနှင့် ဝန်ဆောင်မှု အားနည်းခြင်း	ယိုနှင့် ဖျော်ရည်လုပ်ငန်းများ လုပ်ကိုင်နိုင်သော်လည်း ကြာရှည်ခံအောင် သိုလှောင်သည့် နည်းပညာမရှိပေ။ ၎င်းအပြင် ထုတ်ကုန် လုပ်ငန်းများ တည်ဆောက်နိုင်ရန် ငွေကြေးဝန်ဆောင်မှု မရရှိကြပါ။
၄။ ပညာရေး *ကျောင်းသုံး ပရိဘောဂ မလုံလောက်ခြင်း	ကျေးရွာ အလယ်တန်းကျောင်းတွင် အဆောက်အဦး နှစ်ခုရှိသော်လည်း ကျောင်းသုံး ပရိဘောဂ တစ်ချို့မှာ ပျက်စီး၍ လုံလောက်မှု မရှိကြောင်း တွေ့ရသည်။
၅။ ကျေးရွာတွင်း အခြေခံ အဆောက်အဦး *လမ်းပတ် ဆက်သွယ်ရေး ခက်ခဲမှု	တောင်လာကျေးရွာသည် မတူပီနှင့်လိုင်လင်းပီကြား ရွာမနှင့် ၁၆မိုင် တွင် တည်ရှိပါသည်။ ရွာမနှင့် တီဆီးကြားသည် ဆိုင်ကယ်ဖြင့်သာ သွားလာနိုင်ပါသည်။ ပွင့်လင်းရွာသီတွင်သာလျှင် ကားဝင်ရောက်နိုင်သော်လည်း လမ်းမကောင်းသောကြောင့်သွားလာရန် ခက်ခဲပါသည်။

တောင်လာကျေးရွာ၏ ဖွံ့ဖြိုးရေး ကွင်းဆက်

ဇယား(၄၅) တောင်လာကျေးရွာ၏ ဖွံ့ဖြိုးရေး ကွင်းဆက်

ပြဿနာ	ပြဿနာ အရင်အမြစ်	အလားအလာ	အတားအစီး/စိန်ေ ၚ်မှု	ဖြေရှင်းနိုင်မည့် နည်းလမ်း	စီမံကိန်း
<u>အုပ်ချုပ်ရေး</u> ကျေးရွာတွင်းရှုန အဖွဲ့ အစည်း အချင်းချင်း ကြား အပေးအယူမျှစွာ မလုပ် ကိုင်တတ်ခြင်း	❖ အချင်းချင်း ချိတ်ဆက် ဆောင်ရွက် မှုအားနည်း ခြင်း။ ❖ ညှိနှိုင်းလုပ် ဆောင်မှု အားနည်းခြ င်း။	❖ ပွင့်လင်းမြင်သည်မှု ရှစွာဦးဆောင် လာနိုင်ခြင်း။ ❖ ပူးေပါင်း ညှိနှိုင်းဆောင်ရွက် လာ နိုင်ခြင်း။	❖ စေ့စပါညှိနှိ ုင်ဆောင် ရွက် ခြင်းမပြုလု ပ်ကြခြင်း	❖ အစိုးရဌာနများနှင့် ပြင်ပအဖွဲ့အစည်း များ မှပညာသင်တန်းများ ပြုလုပ်ပေခြင်း။ ❖	❖ အုပ်ချုပ်မှုနှင့်ဆိုင်သော အမြင်ဖွင့်သင်တန်းများ ပေးခြင်း ❖ ခေါင်းဆောင်မှုသင်တန်း များပေးခြင်း။
<u>စိုက်ပျိုးရေး</u> အချိန်မီထွန်ယက် စိုက်ပျိုးမှု မပြုလုပ်နိုင်ခြင်း လယ်စပါးပိုးမွှားရေားဂါကျ ရောက်တတ်ခြင်းအား နှိမ်နှင်းမှုမပြုလုပ်နိုင်ခြင်း	၁။ ခိုင်း ကျွဲနွား လုံလောက်မှု မရှိခြင်း။ (၂) ခိုင်း နွားမငှားနိုင်ခြင်း (၃)လယ်တွန်းထွန် စက်မလုံလောက် ခြင်း (၄) အချိန်မီ ထွန်ယက်မစိုက်ပျိုး နိုင်ခြင်း ကြောင်း ပိုးကျမှု များခြင်း။ (၅)	(၁) လယ် ၈က (၂၀) ကျော်ရှိနေခြင်း။ (၂) ရာသီအချိန်မှီး စိုက်ပျိုးနိုင်ခြင်းဖြင့် အထွက်အနှုန်းများ တိုးတက်နိုင်ခြင်း (၃)ပိုးမွှားရောဂါ ကာကွယ် နှိမ်နှင်းနိုင်ပါက အထွက်အနှုန်းများ တိုးတက်နိုင်ခြင်း	(၁) လယ်ယာ အချိန်မှီ မထွက်ယက်နိုင်ခြ င်း (၂) လယ်တွန်း ထွန်စက်ဝယ်ယူနိုင် ရန် အရင်းအနှီး မတတ်နိုင်ခြင်း (၃) အချိန်မှီ ဆေးမဝယ်ယူ နိုင်ခြင်း (၄)မတူပီ၌	(၁) စိုက်ပျိုးရေးသုံး လယ်ယာကိရိယာများ၊ လက်တွန်းထွန်စက်များ ရရှိနိုင်အောင် ဆောင်ရွက်ခြင်း (၂)စိုက်ပျိုးရေး ဌာနနှင့် ချိတ်ဆက်ပြီး ဆေးဝါးအထောက်အပံ့ ရရှိအောင်ဆောင်ရွက်ခြင်း	(၁) လက်တွန်း ထွန်စက် အလုံအလောက် ရရှိအောင် ပုဂ္ဂလိက၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပေးခြင်း (၂)စိုက်ပျိုးရေးဌာနဝန်ထမ်းများနှ င့် ချိတ်ဆက်အကူအညီရယူခြင်း (၃) စိုက်ပျိုးရေး နည်းပညာ သင်တန်းများ နှင့် ပိုးသတ်ဆေး များ ထောက်ပံ့ခြင်း

	ပိုးသတ်ဆေးများအ လွယ်တကူ မရရှိနိုင်ခြင်း		စိုက်ပျိုးရေး ဆေးဆိုင်မရှိခြင်း		
လယ်မြေတိုးချဲ့လုပ်ကိုင် ခြင်း	စပါးစိုက်ပျိုးနိုင် သော လယ်ဧက နည်းပါးခြင်း	(၁)ရေ အရင်အမြစ်ရှိခြင်း (၂)စိုက်ပျိုးမြေတိုးခဲ့ရန် ရှသေးခြင်း	(၁)ကိုယ်တိုင် လုပ်အားဖြင့် မတိုးချဲ့နိုင်ခြင်း (၂)အလုပ်သမား မငှားနိုင်ခြင်း	(၁) လယ်ယာမြေ တိုးချဲ့ရန် ဆောင်ရွက်ခြင်း	လယ်ယာမြေတိုးချဲ့ခြင်း စီမံကိန်းများ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း
ဝဲစိုက်ပျိုးရန် အခက်အခဲရှိခြင်းနှင့် မျိုးစေ့ထုတ် လုပ်သည့် နည်းပညာ အားနည်းချက်	(၁) ဝဲဥမျိုးဝယ်ရန် အရင်းအနှီး မတတ်နိုင်ခြင်း (၂)ဝဲဥမျိုး ထုတ်လုပ်ရန် နည်းပညာ မရှိခြင်း	(၁)စိုက်ပျိုးရန် မြေနှင့် ယာများ ရှိခြင်း (၂) အခြားရွာမှ မျိုးစေ့များ ရရှိနိုင်ခြင်း (၃)စိုက်ပျိုးရ လွယ်ကူခြင်းနှင့် အပင် ပြုစုရန် လွယ်ကူခြင်း (၄) ရောင်းချရန် စေျကွက်ရှိခြင်း	(၁)ဝမ်းစာမဖူလုံမှု ကောင့် ဝဲဥမျိုး လုံလောက်စွာ မဝယ်ယူနိုင်ခြင်း (၂)ဝဲဥမျိုးထုတ်လုပ် သည့် နည်းပညာသိရှိမှုမ ရှိခြင်း	(၁)စိုက်ပျိုးရေးဆိုင်ရာချေးငွေ များရရှိနိုင်ရန် လုပ်ဆောင်ပေးခြင်း (၂) စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လက်လှမ်းမီစွာ ရရှိနိုင်ရေး	(၁) စိုက်ပျိုးရေးနှင့် ချေးငွေများရရှိနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ခြင်း (၂)ဝဲဥမျိုးစေ့ ထုတ်လုပ်သည့် နည်းပညာများ ဒေသခံတောင်သူများအား သင်တန်းပို့ချခြင်း
<u>မွေးမြူရေး</u> နွားနောက်များ စိုက်ပျိုးသီးနှံများ ဖျက်ဆီးခြင်း	(၁)လွတ်ကျောင်းစ နစ်ဖြင့် မွေးမြူခုင်း (၂)စိုင်းခင်းများအား ခြံစည်းရိုးမကာနိုင် ခြင်း	(၁) ခြံစည်းရိုးကာသည့်အခါ လိုအပ်သော သစ်တိုင်များအလုံအလော က်ရရှိနိုင်ခြင်း	(၁)အရင်းအနှီးကြီး မားလွန်းခြင်း (၂)နွားနောက်များ မှာနွားကဲ့သို့လျောင် မွေးရန် မလွယ်ကူခြင်း	(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးဦး စီးဌာနနှင့်ချိတ်ဆက်ပြီး ခြံစည်းရိုးကာရံခြင်း (၂)နွားနောက်နှင့် ပတ်သက်၍ ထိရောက်သော ဥပဒေပြဋ္ဌာန်းရေး	(၁) သံဆူးကြိုးဖြင့် တောင်ယာ စိုက်ခင်းများကို ကာရံခြင်း (၂) စားကျက်နေရာသတ်မှတ်ပြီး၊ သတ်မှတ်သောနေရာများတွင်လို က်လွတ်ကျောင်းမွေးမြူခြင်း (၃) ဒေသနှင့် ကိုက်ညီသော စည်းမျဉ်း ဥပဒေများ ချမှတ်ရေး

ကျွဲနွားတရစ္ဆာန်ရောဂါကျရောက်မှုရှိခြင်းနှင့်ကာကွယ်မှု မပြုလုပ်နိုင်ခြင်း	(၁) ကာကွယ်ဆေးမထိုးနိုင်ခြင်း (၂) မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ အသိပညာ နည်းပါးခြင်း	(၁) တိရစ္ဆာန်ရောဂါကူသမှုသင်တန်းများအားတက်ရောက်ရန်စိတ်ဝင်စားသူများရှိခြင်း	(၁)ရွာသားများသည် တိရစ္ဆာန်ရောဂါကာကွယ်ကုသခြင်း ဗဟုသုသ မရှိခြင်း (၂) လိုအပ်သော ဆေးဝါးများဝယ်ယူရန် ငွေကြေးအရင်းအနှီး မရှိခြင်း	မွေးမြူရေးဆိုင်ရာ နည်းပညာဗဟုသုတနှင့် ဆိုင်သော သင်တန်းများနှင့် ဆေးဝါပစ္စည်းများရရှိဆောင်ချိတ်ဆက် ဆောင်ရွက်ရေး	(၁)တိရစ္ဆာန်မွေးမြူကုသရေးသင်တန်းနှင် ဆရာဖြစ် သင်တန်းများ ပို့ချပေးခြင်း (၂) တိရစ္ဆာန် ဆေးဝါးပစ္စည်းများ ကျေးရွာတွင်ထားရှိနိုင်ရန် ဆောင်ရွက်ခြင်း
ဆင်းရဲနွမ်းပါးသော မိသားစုများ အတွက် နွားနောက်မွေးမြူရန် ခက်ခဲခြင်း	(၁) အရင်းအနှီးမတတ်နိုင်ခြင်း	(၁) နွားနောက်မွေးမြူခြင်းဖြင့် မိသားစုဝင်ငွေတိုးမြှင့်လာနိုင်ခြင်း (၂) မြေနေရာရှိပြီး ဒေသအခြေအနေနှင့် ကိုက်ညီခြင်း	(၁)မွေးမြူရေးချေးငွေများ လက်လှမ်းမမှီခြင်	(၁)နွားနောက်မွေးမြူရေး အတွက် အကောင်အထည် ဖော်ဆောင်ရွက်ခြင်း	(၁)နွားနောက်မွေးမြူရေး အတွက် ချေးငွေရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း

<u>စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများ</u> အလုပ်အကိုင်ရှာပါးခြင်းနှင့် အရင်းအနှီးများ မတတ်နိုင်ခြင်း	(၁)စိုက်ပျိုးတောင်သူများ အပေါ်တွင်သာ မှီခိုအားကုန်းခြင်း (၂)လုပ်အားခနည်းခြင်း	(၁)မတူပီ၊ရေဇွာနှင့်လိုင်လင်းပီ သွားလာလမ်းမနှင့်မနီးမဝေးတွင်တည်ရှိပြီး အခြားအရောင်းအဝယ်များ လုပ်ကိုင်နိုင်ခြင်း (၂) ခရီးသွားအဝင်အထွက်ရှိခြင်း	(၁) တောင်တန်းဒေသဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရန် မလွယ်ကူခြင်း	(၁) အသေးစားလုပ်ငန်းများ စတင်လုပ်ကိုင်လာနိုင်ရန် အကောင်အထည်ဖော်ခြင်း	(၁) အသေးစားလုပ်ငန်းများ စတင်နိုင်ရန် အသေးစားချေးငွေရရှိရန် ချိတ်ဆက်လုပ်ဆောင်ခြင်း
<u>ပညာရေး</u> အထက်တန်းကျောင်း တက်ရန် အခက်အခဲ ရှိခြင်း	(၁) ရွာနှင့် ဝေးသော ဒေသများတွင် တက်ရောက်ရခြင်း (၂) ကျေးရွာ၌ အထက်တန်းကျောင်း မရှိခြင်း	(၁)ကျောင်းဆောင်သစ် ထပ်ပံတိုးချဲ့ဆောက်လုပ်ရန် မြေနေရာ ရှိခြင်း (၂)အထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ပေးရန် စိတ်အား ထက်သန်ကြခြင်း	(၁)ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ကောင်းမွန်လုံလောက်မှုမရှိခြင်း (၂)ကျေးရွာနှင့် အထက်တန်းကျောင်း အလှမ်းဝေးကွာလွန်းခြင်း	(၁) ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် အထက်တန်းအဆင့်တိုးချဲ့နိုင်စေရန် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း	(၁)ကျောင်းဆောင်သစ်နှင့်အထက်တန်းကျောင်း အဆင့်ကျောင်းခွဲတစ်ခုဆောက်လုပ်ခြင်း
<u>ကျန်းမာရေး</u> ကျန်းမာရေး ဆေးကုသရန်	(၁)	(၁) ကျေးရွာနှင့် (၁၀)မိုင်	(၁) ကျေးလက် အရံ	၁) ကောင်းမွန်သော	(၁)

ဆောင်ရွက်မှု အခက်အခဲရှိခြင်း	ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိခြင်း (၂) မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ကျန်းမာရေးအတွက် သွားလာရန်ခက်ခဲခြင်း	ဝေးကွာသောနေရာတွင် ကျန်းမာရေး ဌာနခွဲရှိခြင်း	သားဖွားများရှိသော်လည်း ကုသမှုပိုင်းတွင် တာဝန်မယူနိုင်ခြင်း	ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် လုပ်ဆောင်ခြင်း (၂) ကျန်းမာရေးဆိုင်ရာ ကုသမှုပိုင်းအား အဆင့်မြှင့်တင်ခြင်း	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအဆင့်ရရှိရန် ချိန်ဆက်ဆောင်ရွက်ခြင်း (၂)ကျန်းမာရေးဆိုင်ရာ ပညာပေး ဟောပြောပွဲများပြုလုပ်ပေးခြင်း (၃) ဆေးဝါးပစ္စည်း အထောက်အပံ့ရအောင် လုပ်ဆောင်ခြင်း
<u>လမ်းပန်းဆက်သွယ်ရေး</u> ကျေးရွာချင်းဆက်လမ်းများ မကောင်းခြင်း	(၁) လူသွားလမ်း ဖြစ်နေခြင်း (၂) မြေသားလမ်းဖြစ်ပြီး မြေပြိုခြင်းကြောင့် လမ်းခဏခဏ ပျက်ခြင်း	(၁)လမ်းအူကြောင်းဆွဲပြီး သားရှိနေခြင်း (၂) ကျေးရွာ အချင်းချင်း လွယ်ကူစွာ သွားလာနိုင်ခြင်း	(၁) ကိုယ်ထူကိုယ်ထမလုပ်ဆောင်နိုင်ခြင်း (၂) ကုန်ကျစရိတ် အရင်းအနှီးကြီးမား လွန်းခြင်း	(၁) လမ်းချဲ့ဖောက်လုပ်ခြင်းများ ဆောင်ရွက်ခြင်း (၂) လမ်းအဆင့်မြင့်ပြုပြင် ဖောက်လုပ်ခြင်း	(၁) ရွာချင်းဆက် လမ်းများအား ချဲ့ထွင်ဖောက်လုပ်ခြင်း
ရွာချင်းဆက် တံတားများ ပျက်စီးနေခြင်းကြောင့် ရွာချင်း သွားလာရန် ခက်ခဲနေခြင်း။	(၁) ရေကြီးခြင်းကြောင့် ကြိုးတံတားပျက်စီးခြင်း	(၁) အကျိုးခံစားမည့် ကျေးရွာ(၁၀)မှ လုပ်အားခေါ်ယူနိုင်ခြင်း။ ရွာအချင်းချင်း ဆက်သွယ် သွားလာနိုင်ခြင်း	(၁)လမ်းပန်းဆက်သွယ်ရေး ခက်ခက်သောကြောင့် လိုအပ်သည့် မစ္စည်းများ သယ်ယူရန်တွင် အခဲရှိခြင်း ပြန်လည်တည်ဆောက်ရန် ငွေအရင်းအနှီး မတတ်နိုင်ခြင်း။	(၁) တံတားပြန်လည် ကောင်းမွန်ရန် ဆောင်ရွက်ခြင်း။	(၁) ပေ((၃၀) ရှည်သော အုတ်တံတားများ တည်ဆောက်ခြင်း (၂) ရေနှုတ်မြောင်းများ တည်ဆောက်ခြင်း

<u>သောက်သုံးရေး</u> သောက်သုံးရေ လုံလောက်မှု မရှိခြင်း	(၁) ရေသွယ်ရန် ပိုက်မဝယ်ယူနိုင်ခြင်း (၂) ရေသွယ်ယူမည့် နေရာ အနည်းငယ်လှမ်းဝေးနေခြင်း	(၁) ကျေးရွာအနီးတွင် ရေအရင်းအမြစ် ရှိနေခြင်း (၂) ရေသိုလှောင်ရန် ရေလှောင်ကန် (၂)ခုဆောက်လုပ်ပြီး	(၁) ရွာနှင့် ရေသွယ်ယူမည့်နေရာ အလှမ်းဝေးကွာ၍ ပိုက်မသွယ်တန်း နိုင်ခြင်း	(၁) သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် ပူးပေါင်း ဆောင်ရွက်ခြင်း	(၁) သောက်သုံးရေ သွယ်ယူရန် ရေပိုက်များ ရရှိအောင် ချိတ်ဆက် ဆောင်ရွက်ခြင်း (၂) လိုအပ်သော ရေမြောင်းများ တပ်ဆင်ခြင်း
<u>လျှပ်စစ်မီး</u> လျှပ်စစ်မီးရရန် အခက်အခဲ ရှိခြင်း	(၁) ရေလှောင်ကန်နှင့် ရေပိုက်များ ရေကြီးခြင်းကြောင့် ပျက်စီးဆုံးရှုံးခြင်း	(၁) မီးစက်နှင့် မီးကြိုးများ အဆင်သင့် ရှိနေခြင်း	(၁)လူထု ကိုယ်ထူကိုယ်ထဖြင့် မပြုလုပ်နိုင်ခြင်း	(၁)ကျေးရွာ လျှပ်စစ်မီး ရရှိရန် ဆောင်ရွက်ခြင်း	(၁) ရေအားလျှပ်စစ် အတွက် လိုအပ်သော ရေလှောင်ကန် ဆောက်လုပ်ခြင်း (၂) ရေ သိုလှောင်ရန် ရေပိုက်များ တပ်ဆင်ခြင်း
<u>လူငယ်နှင့် ယဉ်ကျေးမှု</u> စာအုပ်စာပေများနှင့် လက်လှမ်းမမှီခြင်း	(၁)လေ့လာသင်ယူစရာ ပတ်ဝန်းကျင် နည်းပါးခြင်း (၂) စာအုပ်များ စုဆောင်းရန် ခက်ခဲခြင်း	(၁)လူငယ်များစုမှာ စာဖတ်တတ်ကြခြင်းနှင့် စာဖတ်ရန် စိတ်ဝင်စားမှု ရှိခြင်း (၂)စာဖတ်ခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာနိုင်ခြင်း	(၁)လေ့လာရန် စာအုပ်နှင့် စာကြည့်တိုက် မရှိခြင်း	(၁)ပြန်ကြားရေး ဌာနနှင့်ပူးပေါင်း၍ ကျေးရွာ စာကြည့်တိုက် တစ်ခု ဆောက်လုပ် ပေးခြင်း	(၁) စာအုပ်နှင့် ဂျာနယ်များ စုဆောင်းခြင်း (၂)ကျေးရွာ စာကြည့်တိုက် တစ်ခုဆောက်လုပ်ခြင်း